# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၅၄)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ တနင်္ဂနွေနေ့။


**နေ့ ည မကွာ မင်္ဂလာ**

- ကလေးအရွယ် လိမ္မာနှင့်ပါမှ၊
  ကြီးရင့်က လိမ္မာမည်
- မလိမ္မာ ပြည်ထောင်စုကြလျှင်၊
  ကောင်းမှု မတည်
- ကလေးတို့နေပြည်၊
  တည်စေဖို့ စိတ်စော။
- နံနက်မင်္ဂလာနှင့်၊
  နေ့မကွာ ညဥ့်ပါသုံးလို့ရယ်၊
  ပြုံးကြစေသော။

(မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

# ပြည်သူလူထုတစ်ရပ်လုံး ကိုယ်စီကိုယ်င ကြိုးပမ်းလုပ်ဆောင်မှ ပြည်နယ်ဖွံ့ဖြိုးတိုးတက်လာမည်

တောင်ကြီး နိုဝင်ဘာ ၂၂

**တောင်ကြီးမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပသည့် ရှမ်းနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်၍ နှစ်သစ်ကူးမင်္ဂလာမိန့်ခွန်းပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အေးဝင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နှစ်သစ်မင်္ဂလာမိန့်ခွန်းပြောကြားရာတွင် ယနေ့မကြုံစဖူးထူးခြားလှသည့် ရှမ်းနှစ်သစ်ကူးပွဲတော်မျိုးကို ရှမ်းပြည်နယ်၌ ကျင်းပနိုင်ခြင်းသည် ပြောင်းလဲလာသည့် ခေတ်သစ် စနစ်သစ်ကြောင့်ဟု ဆိုချင်ပါကြောင်း။

ယခုအချိန်တွင် နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ၊ ပြည်သူများ၏ ဆန္ဒအရ တိုင်းရင်းသားပြည်သူများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ချီးမြှောက်လာပြီဖြစ်ပါကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁ သို့* ❋

**“ ယနေ့ ရှမ်းနှစ်သစ်ကူးပွဲတော်ကြီးကိုသက်သေပြုပြီး ထာဝရငြိမ်းချမ်းရေးနှင့်အတူ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားပေါင်းစုံ အေးအတူပူအမျှ သဟဇာတမျှတစွာဖြင့် နေထိုင်သွားနိုင်စေရန် စွမ်းဆောင်ကြိုးပမ်း ”**



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရှမ်းနှစ်သစ်ကူးပွဲတော်တွင် နှစ်သစ်မင်္ဂလာမိန့်ခွန်း ပြောကြားစဉ်။

(သတင်းစဉ်)



## ချင်းတွင်းမြစ်ကူး (ဆင်ဖြူရှင်တံတား) ရေလမ်းကြောင်းပြောင်းလဲ

ချင်းတွင်းမြစ်ကူး (ဆင်ဖြူရှင်တံတား)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် ၁၀ နှင့် ၁၁ အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် ၉ နှင့် ၁၀ အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေနည်းချိန်ကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေစီးနှုန်းနှင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှစ၍ အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် ၁၀ နှင့် ၁၁ အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၆၄ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၁ မီတာ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ

*စာမျက်နှာ ၅ ကော်လံ ၆* ▲


**ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပ** စာ ➤ ၃

**တပ်ကုန်းမြို့တွင် တောဆင်ရိုင်းများ၏အန္တရာယ် ကင်းရှင်းရေးဆောင်ရွက်ပေးလျက်ရှိ** စာ ➤ ၁၀

**လျှင်မြန်သွက်လက်လာတော့မည့် မြန်မာ့စာတိုက်လုပ်ငန်း** စာ ➤ ၁၇


**ကြော်ငြာအချပ်ပိုများ ပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရောင်စုံလေးမျက်နှာနှင့် အဖြူအမည်း ရှစ်မျက်နှာ ပါရှိပါသည်။




ဒေါ်တင်စန္ဒာဝင်း

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။ မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

ကျွန်မက ဘိုကလေးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မနေ့စဉ်ကျောင်းသို့သွားတဲ့အခါ နေကအရမ်းပူပြီး ကျောင်းအချိန်မီအောင်သွားရတဲ့အတွက် ထီးဆောင်းဖို့ကို မေ့-မေ့နေပါတယ်။ နေလောင်ဒဏ်ကြောင့် ကျွန်မမျက်နှာမှာ နေလောင်ကွက်နဲ့ မှဲ့ခြောက်တွေထွက်လာပါတယ်။ နေလောင်ခံ Cream တွေဘယ်လောက်သုံးသုံး မျက်နှာမှာ သနပ်ခါးမတင်ပါဘူး။ အဆီတွေပြန်လာပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုမရှိသလို ခံစားရပါတယ်။ ကျွန်မ မေမေက **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး** ဘူးလေး ဝယ်လာလို့လိမ်းကြည့်လိုက်တော့ ရနံ့လေးက သင်းပြီး စိတ်ရောကိုယ်ပါ လန်းဆန်းသွားပါတယ်။ ကြာကြာသုံးစွဲကြည့်လိုက်တော့ မျက်နှာမှာ နေလောင်ကွက်တွေနဲ့ မှဲ့ခြောက်တွေမရှိတော့ဘဲ ဖြူပြီးဖွေးလာကာ အဆီမပြန်တော့ဘဲ သနပ်ခါးလည်းတင်လာတာကြောင့် ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုရှိလာခဲ့ပါတယ်။ ရွှေပြည်နန်းကုမ္ပဏီကို ကျေးဇူးအများကြီးတင်ရှိပါတယ်။

ဒေါ်တင်စန္ဒာဝင်း (မူလတန်းပြ) လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်တင်တင်မြင့်(အလယ်တန်းပြ) အမှတ်(၃) စိန်ပန်းလမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### စပ်မျိုးစပါးဖြင့်ဆန်ထွက်မြှင့်တင်

ကမ္ဘာ့လူဦးရေသည် ၂၀၅၀ပြည့်နှစ်အရောက်တွင် သန်းကိုးထောင်မှ တစ်သောင်းအထိတိုးတက်လာလိမ့်မည်ဟု လူဦးရေကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားကြသည်။ ဤသို့တိုးတက်လာသော လူဦးရေအတွက် စားရေရိက္ခာဖူလုံရေး ကမ္ဘာ့နိုင်ငံအသီးသီးက စိုက်ပျိုးရေးထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်သွားရန် ကြိုးပမ်းလျက်ရှိရာ ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်ပါသည်။ စိုက်ပျိုးရေး ထုတ်ကုန်များထုတ်လုပ်ရာတွင် အဓိကအားဖြင့်တစ်ဧကအထွက်နှုန်း တိုးတက်ရေးပင်ဖြစ်သည်။ စိုက်ဧကများ တိုးချဲ့ပြီး တစ်ဧကအထွက်တိုးအောင် နည်းပညာအသုံးချစိုက်ပျိုးလာနိုင်သည်နှင့်အမျှ အထွက်နှုန်းကောင်းပြီး စားရေရိက္ခာများဖူလုံတိုးတက်လာမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် နောင်တိုးတက်လာမည့် လူဦးရေသန်း ၁၀၀ အတွက် မျှော်မှန်းပြီး ဆန်စပါးကို မိုးစပါးဧက ၁၆ သန်းနှင့် နွေစပါးဧကလေးသန်းခန့် စိုက်ပျိုးလျက်ရှိပါသည်။ စိုက်ဧကများ တိုးတက်လာသော်လည်း သိပ္ပံနည်းကျစိုက်ပျိုးနိုင်မှုမရှိခြင်း၊ မျိုးကောင်းမျိုးသန့်စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်မှုမရှိခြင်း၊ သွင်းအားစုများမှန်ကန်စွာ ဖြည့်ဆည်းသုံးစွဲနိုင်မှုမရှိခြင်းတို့ကြောင့် စပါးတစ်ဧက အထွက်နှုန်းသည် ရသင့်သလောက်မရဘဲဖြစ်နေကြရပါသည်။ ထိုအချက်သုံးချက်ကိုပြောင်းလဲသွားနိုင်မည်ဆိုပါက တစ်ဧကအထွက်နှုန်းသည် တိုးတက်လာမည်ဖြစ်ပါသည်။

ယခုအခါကျွန်ုပ်တို့နိုင်ငံတွင် အထွက်နှုန်းကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါးကို မျိုးပြောင်းလဲစိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ **GW 1**(ပုလဲသွယ်)စပ်မျိုးစပါးသည် တစ်ဧကတင်း ၁၈၀ ထွက်ရှိကြောင်းသိရပါသည်။ သာမန်စပါးမျိုးများမှာ တင်း ၈၀ ဝန်းကျင်သာထွက်ပါသည်။ ပုလဲသွယ်စပါးမျိုးကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ချက်နှင့်အညီ စိုက်ပျိုးမည်ဆိုပါက အထွက်နှုန်းကောင်းရန် သေချာကြောင်း စိုက်ပျိုးရေးပညာရှင်များက အာမခံထားပါသည်။ ပုလဲသွယ်စပါးမျိုးသည် အခြားစပါးမျိုးများတစ်ဧက နှစ်တင်းနှုန်းပျိုးထောင်စိုက်ပျိုးနေချိန်တွင် ငါးပြည် ခြောက်ပြည်ခန့်သာပျိုးထောင်ရ၍ မျိုးပြုန်းတီးမှုကိုလည်း ကာကွယ်နိုင်ကြောင်းသိရပါသည်။ ဤစပါးမျိုးသည် ပင်ပေါက်နှုန်း၊ ပင်ပွားနှုန်းကောင်းပြီး တစ်နှံသီးလုံးအရေအတွက် ၂၀၀အထက်ရှိသဖြင့် တစ်ဧကအထွက်နှုန်းကို ကောင်းမွန်စေပါသည်။

လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရာတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်နေသကဲ့သို့ တစ်ဧကအထွက်နှုန်းတိုးတက်အောင် မျိုးကောင်းမျိုးသန့် မျိုးများပြောင်းလဲစိုက်ပျိုးသွားရန်လည်း အထူးအရေးကြီးပါသည်။ ဆန်တင်ပို့ရောင်းချ နိုင်ငံအများစုက တစ်ဧကအထွက်နှုန်းကောင်းပြီး ဆန်အရည်အသွေးကောင်းမွန်သောစပါးမျိုးများကို တိုးချဲ့စိုက်ပျိုးလျက်ရှိပါသည်။ မကြာသေးသည့်နှစ်များက မြန်မာနိုင်ငံတွင် အထွက်နှုန်းကောင်းပုလဲသွယ်စပါးမျိုးကို စိုက်ပျိုးခဲ့ရာ အောင်မြင်မှုများရရှိလျက်ရှိပါသည်။ သို့သော်လည်း တောင်သူအများစုသည် စိုက်ပျိုးရာသီတွင် မိမိတို့၏ ရှိရင်းစွဲဒေသစပါးမျိုးများကို အထပ်ထပ်အကြိမ်ကြိမ်သုံးစွဲခဲ့သဖြင့် စပါးမျိုးများအရည်အသွေးညံ့လာပြီး သတ်မှတ် ပန်းတိုင်အထွက်နှုန်း ကျဆင်းလာပါသည်။ ''မှန်းချက်နှင့် နှမ်းထွက်မကိုက်'' ဆိုသည့်စကားအတိုင်း မျှော်မှန်းထားသည့်အတိုင်း အထွက်နှုန်းမရခဲ့ပေ။

သို့ပါ၍ နိုင်ငံနှင့်အဝန်း ဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်းစပါးမျိုးများ မျိုးပြောင်းလဲစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးတာဝန်ရှိသူများနှင့် တောင်သူများလက်တွဲကာ အလေးထားဆောင်ရွက်သွားခြင်းဖြင့် တောင်သူများ ဝင်ငွေနှစ်ဆတိုးလာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ဆန်ထွက်ရှိမှုအနေအထားမှာလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

---

**ပြည်တွင်းသတင်း**

# လူမှုဖူလုံရေးအဖွဲ့နှင့် ဂျပန်နိုင်ငံတကာ ဆေးဘက်ဆိုင်ရာနည်းပညာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၂**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့နှင့် ဂျပန်နိုင်ငံတကာဆေးဘက်ဆိုင်ရာနည်း ပညာအဖွဲ့ Japan International Medical Techonology Foundation (JIMTEF)တို့၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မြန်မာနိုင်ငံ၏ လူမှုဖူလုံရေးစီမံကိန်းသည် အခြေခံလူတန်းစားဖြစ်သည့်အလုပ်သမားထုကြီး တစ်ရပ်လုံးကို ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းကြီး တစ်ခုဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလူမှုဖူလုံရေးအဖွဲ့နှင့် အခြားနိုင်ငံများက လူမှုဖူလုံရေးအဖွဲ့များနှင့်မတူသည့်အချက်မှာ မြန်မာနိုင်ငံ၏ လူမှုဖူလုံရေးအဖွဲ့မှာ အဖွဲ့ပိုင်အလုပ်သမားဆေးရုံကြီး သုံးရုံနှင့် လူမှုဖူလုံရေးဆေးခန်း ၉၃ ခန်းမှာ ဆရာဝန်၊ သူနာပြုများနှင့် ဆေးဝန်ထမ်းများကို ခန့်ထားတာဝန်ပေးနိုင်ခြင်း ဖြစ်ပါကြောင်း။

ယခုအခါ လူမှုဖူလုံရေးစီမံကိန်း၏ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အကျိုးခံစားခွင့်များကို အာမခံအလုပ်သမားများ ပိုမိုထိရောက်စွာ ခံစားနိုင်စေရန်အတွက် လက်ရှိအဖွဲ့ပိုင်ဆေးရုံဆေးခန်းများကို အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီတိုးတက်အောင် ဆောင်ရွက်ခြင်းတို့သာမက ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် သဘောတူစာချုပ်များချုပ်ဆိုပြီး ပူးပေါင်းဆောင်ရွက်သွားကြဖို့ကိုလည်း စတင်ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် အာမခံအလုပ်သမားများအတွက် အလုပ်ချိန်အတွင်း လုပ်ငန်းခွင်မပျက် ကျန်းမာရေးစစ်ဆေးခြင်း၊ ရောဂါရှာဖွေဓာတ်ခွဲစမ်းသပ်ခြင်းနှင့် ဆေးကုသမှုပေးခြင်းများကို ပြုလုပ်ပေးနိုင်စေရန် ပုဂ္ဂလိကဆေးခန်းတစ်ခုနှင့် MoU လက်မှတ်ရေးထိုးပြီး ရွေ့လျားဆေးကုသယာဉ် Mobile Medical Unit နှစ်စီးနဲ့ အာမခံအလုပ်သမားများပြားသည့် အလုပ်ဌာနများ အရောက်သွားရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တာဝန်ယူဆောင်ရွက်နေကြသည့် ဆရာဝန်နှင့် သူနာပြုများသည်လည်း ဆေးပညာအရည်အသွေးရှိရှိနှင့် ပြည့်ပြည့်ဝဝဆောင်ရွက်ပေးနိုင်မှသာ ထိရောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်၍ လူမှုဖူလုံရေးအဖွဲ့နှင့် ဂျပန်နိုင်ငံက နိုင်ငံတကာဆေးဘက်ဆိုင်ရာ နည်းပညာအဖွဲ့တို့ပူးပေါင်းပြီး လူမှုဖူလုံရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာဝန်၊ ဆရာမများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်ပေးရန်နှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုအဆင့်ကို မြှင့်တင်ပေးရန်နှင့် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။ ယခုအခါ ဂျပန်နိုင်ငံတကာဆေးဘက်ဆိုင်ရာ နည်းပညာအဖွဲ့ (JIMTEF) က မြန်မာနိုင်ငံလူမှုဖူလုံရေးအဖွဲ့၏ ဆရာဝန်နှင့် သူနာပြုများ၊ ဆေးဝန်ထမ်းများကို စွမ်းရည်မြှင့်တင်ပေးသည့်အနေဖြင့် ဆေးဘက်ဆိုင်ရာနည်းပညာများ ပို့ချသင်ကြားပေးခြင်း၊ ခေတ် မီဆေးပစ္စည်းကိရိယာများအသုံးပြု ပုံနည်းစနစ်များ သင်ကြားပြသပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် ကမ်းလှမ်းလာသည့်အတွက် တိုးတက်လာမည့် လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကို မှန်းမျှော်ကြည့်ရင်း ဝမ်းသာပီတိဖြစ်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက မိတ်ဆက်စကားပြောကြားပြီး KESEIKAI, JIMTEFအဖွဲ့မှ ကိုယ်စားလှယ် Mr.SHUSEI KANARI ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာရေးထိုးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နားလည်မှုစာချွန်လွှာတွင် နှစ်ဖက်အဖွဲ့အစည်းမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုး လဲလှယ်ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နွေစပါး အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးရာသီတွင် စိုက်ပျိုးရန်လျာထား ဧက ၇၀၀ ကို အပြည့်အဝအကောင်အထည်ဖော် စိုက်ပျိုးနိုင်ရေးအတွက် MAPCO ကုမ္ပဏီနှင့် နွေစပါးစိုက်တောင်သူများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေးကို ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

ထိုသို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် ကုမ္ပဏီမှ မျိုးဓာတ်မြေသြဇာနှင့် စိုက်ပျိုးစရိတ်များကို ယာယီထုတ်ချေး၍ စိုက်ပျိုးထွက်ရှိလာမည့် စပါးများအားလုံး ပြန်လည်ဝယ်ယူသည်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး တောင်သူများမှလည်း စပါးအထွက်တိုးရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်ကြရန် ညှိနှိုင်းခဲ့ပြီး ညှိနှိုင်းဆွေးနွေးပွဲသို့ ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးအေးမြင့်၊ မြို့နယ်စိုက် ပျိုးရေးဦးစီးမှူး၊ ဆည်မြောင်းဦးစီးမှူးနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ စိုက်ပျိုးတောင် သူများ ၅၄ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မကွေး နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကူတို၊ အင်းပုတ်၊ ဖောင်းလင်းကျေးလက်လမ်းပေါ်ရှိ အင်းပုတ်ကျေးရွာ အုတ်ခုံခံသစ်သားတံတားအား မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က ကွင်းဆင်းစစ်ဆေးရာ စလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်တို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပါသည်။

အဆိုပါ တံတားမှာ အလျားပေ ၃၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ခုံခံ သစ်သားတံတားဖြစ်ပြီး တံတားပြီးစီးပါက ကူတို၊ ဖောင်းလင်းကျေးလက်လမ်းပေါ်ရှိ ကျေးရွာ ၁၁ ရွာကို ရာသီမရွေးဆက်သွယ်သွားလာရေးအဆင်ပြေကောင်းမွန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**




---


**သည်းထိတ်ရင်ဖို သရဲဝိညာဉ် ဇာတ်ကားကြီး**




**Junction Cineplex တွင် 21.11.2014 မှ စတင်ပြသမည့် ဇာတ်ကားများ**

| | | |
|---|---|---|
| **Junction Square ( Ph - 01 527055, 09 2544 24544)** | | |
| Mister Babadook | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Left Behind (Dell Digital Cinema) | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| အောင်မြင်ကျော်ကြား နှုတ်ထက်မြက် | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| **Junction Maw Tin ( Ph - 01 225 244 )** | | |
| Left Behind | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| အောင်မြင်ကျော်ကြား နှုတ်ထက်မြက် | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| **Junction Nay Pyi Taw ( Ph - 067 421 615)** | | |
| သက်တံသစ် | Mon to Thu | 11AM , 2 : 00 PM , 6 : 30 PM |
| | Fri to Sun | 10 : 30 AM , 1:30 PM, 4 : 30 PM , 7 : 30 PM |


### ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါလုပ်ငန်းကိုမြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် | တင်ဒါပုံစံ ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| ၁ | ၁/မမ/တိုင်း(၄) | တောင်ကြီးစက်မှုဌာန၊စက်ရုံနှင့်တွဲပြင်ရုံဝန်ထမ်းများအတွက် လေးခန်းတွဲတစ်လုံး(Brick Pucca) ဆောက်လုပ်ခြင်း(အိမ်သာ၊ မိလ္လာကန်နှင့်အုတ်ရေကန်အပါအဝင်) | ၂၀၀၀/- |

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ၁၂း၃၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၂-၁၁-၂၀၁၄ရက် ရုံးချိန်အတွင်း အသေးစိတ်သိရှိလိုပါက ၄င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**အင်ဂျင်နီယာမှူး(မြို့ပြ) တိုင်း(၄)ကလောရုံး၊ မြန်မာ့မီးရထား၊ဖုန်း-၀၈၁-၅၀၃၅၂**

ပြည်တွင်းသတင်း

# ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ကြီးမှူးကျင်းပသည့် ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးကိုကိုက စာနယ်ဇင်းလွတ်လပ်ခွင့်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ရရှိခံစားနိုင်ရေး၊ သတင်းမီဒီယာသမားများ၏လွတ်လပ်စွာ လုပ်ငန်းလုပ်ကိုင်ခွင့်ကို အကာအကွယ်ပေးရေး၊ စာနယ်ဇင်းကျင့်ဝတ်များကို မြှင့်တင်ရင်း အင်အားတောင့်တင်းသော စတုတ္ထမဏ္ဍိုင်တည်ဆောက်ရေး၊ သတင်းမီဒီယာသမားများ၏ ခေတ်မီသတင်းပညာလေ့လာဆည်းပူးခွင့်ကို အားပေးမြှင့်တင်ရေး၊ သတင်းမီဒီယာသမားတို့၏ လူမှုဘဝတိုးတက်ရေး၊ သက်သာချောင်ချိရေး ကိစ္စများကို ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိသတင်းစာဆရာများနှင့် နိုင်ငံတကာသတင်းစာဆရာများ ချစ်ကြည်ရင်းနှီးမှုကို တိုးချဲ့တည်ဆောက်ရေး စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ဆရာကန်တော့ပွဲသည် ကမ္ဘာပေါ်၌ မြန်မာတစ်နိုင်ငံတည်းသာ ကျင်းပပြီး မြန်မာတို့၏ ထူးခြားတုယှဉ်မှုမရှိနိုင်သော ယဉ်ကျေးမှုအမွေအနှစ်စစ်စစ်ဖြစ်ပါကြောင်း၊ တန်ဖိုးမဖြတ်နိုင်သည့် ယင်းအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပထမအကြိမ်သတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်က လည်းကောင်း ဖတ်ကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးသိဟစောက ကန်တော့ပွဲအခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌ (၃)ဦးမြတ်ခိုင်က ကန်တော့ခံသက်ကြီးသတင်းစာပညာရှင်များနှင့် ပရိသတ်အား မိတ်ဆက်ပေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဦးသန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း နာယက ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီး သတင်းစာပညာရှင်ကြီးများအား မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ လက်အုပ်ချီမိုးရှိခိုးကန်တော့ကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌနှင့် မြို့တော်ဝန်တို့က ကန်တော့ပစ္စည်းနှင့် အလှူငွေများကို လက်ရောက်ပေးအပ်ကြသည်။

ထို့နောက်နိုင်ငံတော်သမ္မတက လှူဒါန်းသောအလှူငွေကျပ် ၁၀ သိန်းကို ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းကပေးအပ်ရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌဦးကိုကိုက လက်ခံသည်။

ထို့အတူ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းလှူဒါန်းသော ငွေကျပ် ၁၀ သိန်း၊ အမျိုးသားလွှတ်တော်နာယက ဦးခင်အောင်မြင့်က အလှူငွေကျပ် ၁၀ သိန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်လှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အလှူငွေကျပ် ငါးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက အလှူငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ပထမအကြိမ် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အသက် ၇၅ နှစ်အထက် သက်ကြီးသတင်းစာပညာရှင် ၅၇ ဦးအား တစ်ဦးလျှင် ငွေကျပ် သုံးသိန်း၊ Sky Net ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးစီ၊ အော်ရီဒူးကုမ္ပဏီက ငွေကျပ်ငါးသောင်းနှင့် ဟန်းဆက်တစ်လုံးစီတို့ကို ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီးသတင်းစာပညာရှင်ကြီးများအား ရှိခိုးကန်တော့စဉ်။**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကန်တော့ခံသက်ကြီး သတင်းစာပညာရှင်ကြီးများအား ကန်တော့ခံပစ္စည်းနှင့်အလှူငွေများ ပေးအပ်စဉ်။**



**ကန်တော့ခံသက်ကြီး သတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတလှူဒါန်းသော အလှူငွေကျပ် ၁၀ သိန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ပေးအပ်လှူဒါန်းစဉ်။**

## ဟိုတယ်အမ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

Hotel M Management Co., Ltd . ၏ Hotel M ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘောဇရိပ်သာလမ်းအမှတ် (၂၉) ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ Hotel M Management Co., Ltd. မှ Managing Director ဦးမြိုင်သန်းတိုးဦး၊ တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအုန်းမြင့်၊ Hotel M Management Co., Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Hotel M Management Co., Ltd. မှ General Manager ဦးထွန်းဇော်ဦးက Hotel M နှင့်ပတ်သက်သည့် အချက်အလက်များကို ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား Projector ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက Hotel M ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး Hotel အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ Hotel M သည် သံကူကွန်ကရစ်အမျိုးအစား အထပ်ငါးထပ်အဆောက်အအုံဖြစ်ပြီး ပြည်တွင်း/ပြည်ပဧည့်သည်များ တည်းခိုနိုင်ရေးအတွက် ရည်ရွယ်ကာ ဟိုတယ်အတွင်း အားကစားလေ့ကျင့်ခန်း၊ မီနီရေကူးကန်များပါဝင်သည့် ကြယ်သုံးပွင့်အဆင့် ဟိုတယ်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**




နိုင်ငံတကာသတင်း

# သီရိလင်္ကာသမ္မတရွေးကောက်ပွဲ ကျန်းမာရေးဝန်ကြီးအရွေးခံမည်



**ကိုလံဘို နိုဝင်ဘာ ၂၂**

သီရိလင်္ကာအစိုးရအတွင်း ဝါရင့်ပုဂ္ဂိုလ်များအနက် တစ်ဦးဖြစ်သူသည် သမ္မတမဟင်ဒါရာဂျာပတ်ဆာကို ဆန့်ကျင်ကာ လာမည့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြေညာလိုက်သည်။

ကျန်းမာရေးဝန်ကြီး မိုင်သရီပါလာဆရီဆင်နာသည် ဇန်နဝါရီလရွေးကောက်ပွဲမတိုင်မီ သမ္မတရာထူးကို ဝင်ရောက်ယှဉ်ပြိုင်မည့် အဓိကနိုင်ငံရေးပုဂ္ဂိုလ်ဖြစ်လာသည်။ မစ္စတာဆရီဆင်နာသည် အာဏာရပါတီအတွင်း ဩဇာတိက္ကမ ရှိသူ အမျိုးသားများအနက် တစ်ဦးဖြစ်သည်။

အခြားသော အစိုးရအမတ်ငါးဦးကလည်း သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံရန် ကြေညာထားသည်။ ၎င်းအမတ်ငါးဦးစလုံးကပင် ဇန်နဝါရီ ၈ ရက်တွင် ဝင်ရောက်အရွေးခံမည့် မစ္စတာဆရီဆင်နာကို ထောက်ခံရန်ဆုံးဖြတ်ထားသည်။ မစ္စတာဆရီဆင်နာသည် အဓိကအတိုက်အခံပါတီ ယူအင်န်ပီပါတီ၏ ထောက်ခံမှုကိုရရှိထားသကဲ့သို့ သမ္မတဟောင်း ကုမာရတွန်ဂါ၏ထောက်ခံမှုကိုလည်း ရရှိထားသည်။

သို့သော်လည်း ၂၀၀၉ ခုနှစ်က တမီလ်ကျားသူပုန်များအပေါ် အနိုင်ယူခဲ့သော သမ္မတမဟင်ဒါရာဂျာပတ်ဆာအနေဖြင့် ၂၀၁၅ ခုနှစ်တွင် တတိယမြောက် သမ္မတသက်တမ်းရယူရန် မျှော်လင့်ထားသည်။

(ဘီဘီစီ)

# မဒါဂတ်စကား၌ ပလိပ်ရောဂါကြောင့် လူ ၄၀ သေဆုံး

**အန်တာနာနာရီဗို နိုဝင်ဘာ ၂၂**

မဒါဂတ်စကားတွင် ပလိပ်ရောဂါဖြစ်ပွားမှုကြောင့် လူပေါင်း ၄၀ သေဆုံးကာ အခြား ၈၀ နီးပါး ရောဂါကူးစက်ခံနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

မြို့တော် အန်တာနာနာရီဗို၌ ပလိပ်ရောဂါများ လျင်မြန်စွာကူးစက်လာမည်ကို သတိပြုရန်လိုကြောင်း ဒဗလျူအိတ်ချ်အိုက သတိပေးပြောကြားလိုက်သည်။

ရောဂါကူးစက်ခံရသူများတွင် ဆေးယဉ်ပါးမှုသည် အဆိုးဆုံးအခြေအနေဖြစ်လာကြောင်း ဒဗလျူအိတ်ချ်အိုက ထပ်လောင်းပြောကြားသည်။



မဒါဂတ်စကား၌ ဖြစ်ပွားလျက်ရှိသော အဆိုပါပလိပ်ရောဂါသည် နှစ် ရာခိုင်နှုန်းသည် အခြေအနေပိုဆိုးရွားလာသည်ဟု ဆိုသည်။

ယင်းရောဂါသည် လူလူချင်း ကူးစက်နိုင်သောရောဂါဖြစ်သည်။ ပလိပ်ရောဂါသည်ရောဂါပိုးသယ်ဆောင်သောကြွက်သန်းအကိုက်ခံရမှုမှ ကူးစက်ခြင်းဖြစ်သည်။ ရောဂါကိုစောစီးစွာသိရပါက ကုသပျောက်ကင်းနိုင်သည်ဟု ဆိုသည်။

မဒါဂတ်စကား၌ ပလိပ်ရောဂါ ပထမဆုံးကူးစက်မှုမှာ ဩဂုတ်လကုန်ပိုင်းက မြို့တော်အန်တာနာနာရီဗို အနောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာ တီဆီရိုနိုမန်ဒီဒီခရိုင် ဆွာမာဟာတာမာနာကျေးရွာ၌ အမျိုးသားတစ်ဦးတွင် စတင်ဖြစ်ပွားခဲ့သည်။ သေဆုံးသူတစ်ဦးအပါအဝင် မြို့တော်၌ နှစ်ဦးဖြစ်ပွားကြောင်း အတည်ပြုထားသည်။ (ဘီဘီစီ)

## စင်ကာပူမြေအောက်ရထားပေါ် အများပြည်သူသုံးပစ္စည်းဖျက်ဆီးသူ ဂျာမန်နှစ်ဦးကိုဖမ်းဆီးမိ

**စင်ကာပူ နိုဝင်ဘာ ၂၂**

ဂျာမန်နိုင်ငံသားနှစ်ဦးကို ယခုလအစောပိုင်းက မြေအောက်မီးရထားစီးနင်းလိုက်ပါလာစဉ် အများပြည်သူသုံးပစ္စည်းကို ဖျက်ဆီးမှုဖြင့် ဖမ်းဆီးခဲ့ကြောင်း ဒေသမီဒီယာများက စနေနေ့က ပြောခဲ့သည်။

အသက် ၂၁ နှစ်အရွယ်ရှိ အဆိုပါအမျိုးသားနှစ်ဦးကို ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်၌ မလေးရှားရဲများက ဖမ်းဆီးခဲ့ပြီး သောကြာနေ့က စင်ကာပူနိုင်ငံသို့ လွှဲပြောင်းပေးခဲ့သည်ဟု Straits Timesက ဖော်ပြခဲ့သည်။

၎င်းတို့သည် ထောင်ဒဏ်သုံးနှစ် သို့မဟုတ် အများဆုံးစင်ကာပူဒေါ်လာ ၂၀၀၀ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပြီး ကြိမ်ဒဏ်သုံးချက်မှ ရှစ်ချက်အထိ ချမှတ်ခဲ့သည်။

ခြစ်ရည်းရိုးများနှင့်ကျူးကျော်မှုကို ရှာဖွေရေးစနစ်များ တိုးမြှင့်လုပ်ဆောင်ထားသော်လည်း ၂၀၁၁ခုနှစ်ကတည်းက ဘူတာရုံ၌ ချိုးဖောက်မှုသည် သုံးကြိမ်ရှိခဲ့ပြီဖြစ်ရာ ယခုနှစ်အတွင်း နှစ်ကြိမ်ဖြစ်ပျက်ခဲ့သည်။ (ဆင်ဟွာ)

# ပြင်သစ်သမ္မတ လာမည့်သောကြာနေ့တွင် ဂီနီသို့သွားရောက်မည်

**ပါရီ နိုဝင်ဘာ ၂၂**

ပြင်သစ်သမ္မတသည် အီဘိုလာရောဂါအဆိုးရွားဆုံးကူးစက်မှု ခံစားနေရသည့်နိုင်ငံတစ်ခုဖြစ်သည့် ဂီနီနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ လာမည့်သောကြာနေ့တွင် သွားရောက်မည့် ၎င်း၏ခရီးစဉ်သည် အီဘိုလာစတင်ဖြစ်ပွားပြီးကတည်းက အာဖရိကခေါင်းဆောင်မဟုတ်သည့် အခြားနိုင်ငံခေါင်းဆောင် လာရောက်သည့် ပထမဆုံးခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

ယင်းခရီးစဉ်တွင် ပြင်သစ်သမ္မတသည် ဂီနီသမ္မတနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ပြင်သစ်နိုင်ငံသား ဆရာဝန်များ ဆေးကုသမှုပြုလုပ်နေသည့် ဆေးရုံသို့သွားရောက်မည်ဖြစ်သည်။

ဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် အများပြည်သူအပန်းဖြေရာကမ်းခြေများကို နိုဝင်ဘာ ၂၉ ရက်မှ စတင်ပိတ်ထားမည်ဖြစ်ကြောင်း လိုက်ဘေးရီးယားရဲဌာနက ပြောခဲ့သည်။

နှစ်လယ်ပိုင်း ဆီးနိတ်ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးလှုံ့ဆော်ရေးနှင့် ဆက်စပ်သည့်ကိစ္စရပ်များမှလွဲ၍ လူထုစည်းဝေးပွဲများနှင့် အခြားသောပွဲများကိုလည်း ပိတ်ပင်ထားခဲ့သည်။

ယင်းကဲ့သို့ပြုလုပ်ခြင်းများသည် ဗိုင်းရပ်စ်ကူးစက်မှုကို လျှော့နည်းစေနိုင်မည်ဟု မျှော်လင့်ရသည်။ ဆီနီဂေါ၌ ကျင်းပမည့် ပြင်သစ်ဘာသာစကားပြောသောနိုင်ငံများ အစည်းအဝေးမတိုင်မီ ဂီနီသို့ သွားရောက်မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံသည် မာလီနိုင်ငံသို့ ဆေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ရာ ယခုအခါ ရောဂါကူးစက်ခံရသူတစ်ဦးရှိသည်။ ယခင်က ကူးစက်ခံခဲ့ရသူခြောက်ဦးသည်လည်း သေဆုံးခဲ့သည်။

ဂီနီနိုင်ငံသည် မာလီနိုင်ငံကဲ့သို့ ရောဂါကူးစက်မှုမပြင်းထန်ပေ။ ရောဂါကူးစက်မှုသည် ဂီနီနိုင်ငံမှစတင်ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၁၂၁၄ဦးရှိခဲ့ပြီဖြစ်သည်။

အီဘိုလာကူးစက်ခံရသူ ၁၅၃၅၁ ဦးရှိခဲ့ပြီး ၅၄၅၉ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)၏ နောက်ဆုံးစာရင်းဇယားများအရ သိရသည်။

(ဘီဘီစီ)

# ဆိုမာလီနယ်စပ်အနီး ဘတ်စ်ကားတစ်စီးတိုက်ခိုက်ခံရ ၂၈ ဦးသေဆုံး



လွန်ခဲ့သောနှစ်အနည်းငယ်က အယ်လ်ရှာဘတ်စစ်သွေးကြွများ စစ်ရေးလေ့ကျင့်နေစဉ်။

**ကင်ညာ နိုဝင်ဘာ ၂၂**

ဆိုမာလီစစ်သွေးကြွအုပ်စု အယ်လ်ရှာဘတ်မှဟု သံသယဖြစ်ဖွယ်အဖွဲ့ဝင်များသည် ကင်ညာနိုင်ငံမြောက်ဘက်ရှိ ဘတ်စ်ကားတိုက်ခိုက်မှုတွင် အနည်းဆုံး လူ ၂၈ ဦးကို သတ်ခဲ့ကြောင်း အရာရှိများက ပြောခဲ့သည်။

သေနတ်သမားများက တိုက်ခိုက်ခြင်းမပြုမီ ဘတ်စ်ကားကိုရပ်ခိုင်းပြီး မူဆလင်မဟုတ်ဟု ယူဆရသူများကို ခွဲထုတ်ခဲ့ကြောင်း အရာရှိများကပြောခဲ့သည်။ အဆိုပါဘတ်စ်ကားသည် နိုင်ရိုဘီမြို့သို့သွားသောယာဉ်ဖြစ်ကာ ဆိုမာလီနယ်စပ်အနီး မန်ဒရာဒေသတွင် ရပ်နားခဲ့ကြောင်း သိရသည်။

၂၀၁၁ ခုနှစ်ကတည်းက ဆိုမာလီအခြေစိုက် အယ်လ်ရှာဘတ်တပ်ဖွဲ့များသည် ကင်ညာနိုင်ငံတွင် တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ၂၀၁၁ ခုနှစ်သည် ကင်ညာနိုင်ငံက အစ္စလာမ္မစ်စစ်သွေးကြွများကို တိုက်ခိုက်ရန် တပ်ဖွဲ့ဝင်များကို ဆိုမာလီဒေသသို့ စေလွှတ်ခဲ့သည့်နှစ်ဖြစ်သည်။

စနေနေ့က ဖြစ်ပွားခဲ့သောတိုက်ခိုက်မှုများပြီးနောက် ကင်ညာဒေသတွင်း မီဒီယာများက အစိုးရ၏လုံခြုံရေးတိုးမြှင့်ချထားရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ရန်ပျက်ကွက်ခဲ့မှုအပေါ် သတင်းရေးသားဖော်ပြမှုကို ဒေသတွင်း အာဏာပိုင်များက ကိုးကားခဲ့သည်။

တိုက်ခိုက်သူများက ခရီးသည်များကို ကိုရမ်ကျမ်းမှ စာသားများကိုရွတ်ခိုင်းပြီး ရွတ်ဆိုရန် ပျက်ကွက်သူများကို ခေါင်းဖြတ်သတ်ခဲ့ကြောင်း သိရသည်။

(ဘီဘီစီ)

ပြည်တွင်းသတင်း

# အသက်များစွာပေးဆပ်ခဲ့ရသည့် လွတ်လပ်ရေးကြိုးပမ်းမှုတို့ကြောင့် နိုင်ငံတည်ရှိမှုခိုင်မာရန် ဥပဒေခိုင်ခိုင်မာမာရှိရန်လို

**နေပြည်တော် နိုဝင်ဘာ ၂၂**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ VOA မြန်မာသတင်းဌာနမှ ဌာနမှူး ဦးသန်းလွင်ထွန်းအား လက်ခံတွေ့ဆုံပြီး သိလိုသည်များအား မေးမြန်းမှုအပေါ် ပြန်လည်ဖြေဆိုပြောကြားခဲ့သည်။

တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်ဆိုသည့် တပ်မတော်၏ သဘောထားနှင့်ပတ်သက်၍ ဖြေကြားရာတွင် လက်ရှိ ဒီမိုကရေစီနိုင်ငံတော် တည်ရှိမှု၏ အသက်ပင်ဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်အတွက် အရေးကြီးပါကြောင်း၊ ခိုင်ခိုင်မာမာရှိနေရန်လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူတို့၏ တောင်းဆိုမှုကြောင့် ထွက်ပေါ်လာခြင်းဖြစ်ပြီး ထိုအချိန်က မဲပေးခွင့်ရှိသူ ပြည်သူတို့၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းကထောက်ခံခဲ့သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌လည်း တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရမည်ဟု ပါရှိသဖြင့် တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ခံယူပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ဖြေကြားရာတွင် ကိုလိုနီဖြစ်ခဲ့ရသည့် သမိုင်း၊ တိုင်းရင်းသားပြည်သူတို့၏ အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့ရသည့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတို့ကြောင့် နိုင်ငံတော်၏တည်ရှိမှု ခိုင်မာနေရန်ဥပဒေသည်လည်း ခိုင်ခိုင်မာမာရှိနေရန်လိုကြောင်း၊ အမြဲပြီးပြည့်စုံသည့် ဥပဒေမရှိသည်မှာ မှန်သော်လည်း ခေါင်းဆောင်များ၏ ဘက်ပေါင်းစုံက တွက်ဆမှုများဖြင့် ခိုင်ခိုင်မာမာရေးဆွဲထားသည့် ဥပဒေဖြစ်ကြောင်း။

NLD ပါတီမှ လွှတ်တော်တွင် တင်ပြသည့် ပုဒ်မ ၄၃၆ ပြင်ဆင်ရန် လူထုဆန္ဒမဲ ငါးသန်းနှင့်ပတ်သက်၍ ဖြေကြားရာတွင် ယင်းဆန္ဒမဲများ ကောက်ယူခဲ့မှု၊ ခိုင်မာမှုများအား မိမိမပြောနိုင်ပါကြောင်း၊ လက်ရှိနိုင်ငံ လူဦးရေ ၅၁ သန်းရှိ၍ ငါးသန်းမှာ ၁၀ ပုံတစ်ပုံခန့်ရှိ၍ အလေးထားရမှာဖြစ်သော်လည်း ကျန် ၄၆ သန်းသောလူထုထဲမှ မဲပေးနိုင်သူများ၏ ဆန္ဒကိုလည်း ကြည့်ရန်လိုပါကြောင်း၊ ပုဒ်မ ၅၉ (စ)နှင့်ပတ်သက်၍ လူ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ တိုင်းရင်းသားလူမျိုးတစ်မျိုးအပေါ် ရည်ရွယ်ခြင်းမရှိကြောင်း၊ နိုင်ငံသမိုင်းကြောင်း ပထဝီဝင်တည်ရှိမှုအနေအထားများအရ တစ်နိုင်ငံလုံး၏ အမျိုးသားရေးကို ထည့်သွင်းစဉ်းစားပြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ရှေ့လူကြီးများက ရေရှည်အတွက် ဆောင်ရွက်ခြင်းဖြစ်ရာ အရေးကြီးသည့်ကဏ္ဍအနေဖြင့် မိမိတို့က ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ ဖြေကြားရာတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ကတည်းက တိုင်းရင်းသားလက်နက်ကိုင်ကိစ္စရပ်များ ပေါ်ပေါက်ခဲ့ပြီး ယနေ့တိုင် ဖြေရှင်းနေရဆဲဖြစ်ပါကြောင်း၊ တပ်မတော်သားများ တိုင်းရင်းသားလက်နက်ကိုင်များ၊ အပြစ်မဲ့သည့် ပြည်သူများစွာလည်း သေကျေခဲ့ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို လူတိုင်းလိုလားကြကြောင်း၊ လက်နက်ကိုင် တိုက်ခိုက်မှုကို မလိုလားဆုံးမှာ တပ်မတော်သားများဖြစ်ကြောင်း၊ တပ်၏အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးဖြစ်သော်လည်း တိုင်းရင်းသားလက်နက်ကိုင်ကိစ္စရပ်များအတွက် အင်အားများစွာ ကုန်ခန်းနေရသဖြင့် ငြိမ်းချမ်းရေး လိုချင်မှုမှာ တပ်မတော်၏ အပြင်းပြဆုံး ဆန္ဒပင်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် လက်နက်ကိုင်ပြီး လိုအပ်ချက်တောင်းဆိုမှုအခွင့်အာဏာရယူလိုမှုများ မဖြစ်သင့်ကြောင်း၊ ငြိမ်းချမ်းရေးကိစ္စအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံမှုနှင့်ပတ်သက်၍ ဖြေကြားရာတွင် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မူဝါဒသဘောထား(၆)ချက်အပေါ် အလေးထားဆောင်ရွက်မှု၊ အပြုသဘော ဆောင်ရွက်မှုများအပေါ် မူတည်ဆောင်ရွက်နေပါကြောင်း။

လတ်တလော ဖြစ်ပွားနေသည့် ကချင်ပြည်နယ်အတွင်း ပစ်ခတ်မှုများနှင့်ပတ်သက်၍ ဖြေကြားရာတွင် သမ္မတကြီး ညွှန်ကြားချက်အတိုင်း မိမိတို့အနေဖြင့် စစ်ဆင်ခြင်း၊ စခန်းတိုက်ခြင်းများ မပြုလုပ်ပါကြောင်း၊ မိမိကိုယ်ကိုယ် ခုခံကာကွယ်ခွင့်အတွက်သာ ဆောင်ရွက်ကြောင်း၊ ခုခံကာကွယ်ခွင့်ဆိုရာတွင် အဆင့်ရှိပါကြောင်း၊ တိုက်ပွဲများ မဖြစ်ပွားအောင် တားဆီးလုပ်ဆောင်ရသည်များလည်းရှိကြောင်း၊ နိုဝင်ဘာ ၁၉ ရက်နေ့ ပစ်ခတ်မှုမှာလည်း ရှေ့က ဖြစ်စဉ်များစွာရှိသည့်အတွက် သတိပေးပစ်ခတ်မှုသာဖြစ်ကြောင်း။

MPC ၏ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဖြေကြားရာတွင် တပ်မတော်အနေဖြင့် MPC ၏ ငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်စေရန် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ တွေ့ဆုံပွဲများတွင်လည်း တာဝန်ရှိသည့်အရာရှိကြီးများ ပါဝင်ဆောင်ရွက်နေပါကြောင်း၊ MPC ၏ ငြိမ်းချမ်းရေးကိစ္စရပ်များ အောင်မြင်စေလိုပါကြောင်း။

တိုက်ပွဲဖြစ်စဉ်များနှင့်ပတ်သက်၍ ဖြေကြားရာတွင် သတင်းထုတ်ပြန်မှုကြောင့် ပဋိပက္ခများပိုမိုကြီးထွားစေလိုသဖြင့် ထိန်းသိမ်းဆောင်ရွက်ပါကြောင်း၊ အချို့သတင်းဌာနများ အနေဖြင့် လိုချင်သည့်ရှုထောင့်မှ ရေးသားဖော်ပြခြင်း၊ ပုံကြီးချဲ့ခြင်းတို့ကြောင့် ပဋိပက္ခပိုမိုကြီးထွားစေနိုင်ကြောင်း၊ ပြောကြားနိုင်သည့် သတင်းများအား ထုတ်ပြန်ပေးမည်ဖြစ်ပါကြောင်း။

ဖက်ဒရယ်တပ်မတော်သဘောထားအမြင်ကွဲလွဲမှုနှင့် ပတ်သက်၍ ဖြေကြားရာတွင် ဖက်ဒရယ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးရှိပါကြောင်း၊ UNFC ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရေးသားထားသည့် ဖက်ဒရယ်တပ်မတော်သည် မိမိတို့နှင့် မတူဘဲ ကွဲပြားမှုများရှိကြောင်း၊ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ပင် ယူနီယံ၊ ဖက်ဒရယ် အသုံးအနှုန်းများသည် ရှုပ်ထွေးသဖြင့် ပြည်ထောင်စုလို့ ပြောတာကောင်းသည်ဟု ဆိုခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံတိုင်းတွင် အမျိုးသားတပ်မတော် တစ်ခုတည်းသာရှိပါကြောင်း၊ မိမိတို့တပ်မတော်သည် တိုင်းရင်းသားအားလုံး ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်ကြောင်း၊ ယခင်က တိုင်းရင်းသားသေနတ်ကိုင်တပ်ရင်းများ ရှိခဲ့သော်လည်း အခက်အခဲများစွာ တွေ့ကြုံရ၍ ပြောင်းလဲဖွဲ့စည်းခဲ့ရပါကြောင်း၊ တပ်မတော်သည် ကွဲပြားနေ၍ မရဘဲ စုစည်းညီညွတ်ရန်လိုအပ်ပါကြောင်း။

လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဖြေကြားရာတွင် တပ်မတော်သားများသည် စစ်စည်းကမ်းသာမက နယ်ဘက်ဥပဒေများကိုပါ လိုက်နာရကြောင်း၊ တပ်မတော်သားများ စည်းကမ်းဖောက်ဖျက်ပါက ပို၍ ပြစ်ဒဏ်ကြီးစွာကျခံရကြောင်း၊ တပ်ပိုင်းဆိုင်ရာ စစ်စည်းကမ်းအရ အရေးယူပြီးပါက နယ်ဘက်သို့ လွှဲအပ်ပြီး ဥပဒေအရ ထပ်မံအရေးယူရသည်များရှိကြောင်း၊ လူသတ်မှု၊ အဓမ္မပြုကျင့်မှုများနှင့် ပတ်သက်၍ ပြင်းထန်စွာအရေးယူကြောင်း၊ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် သေဒဏ်အထိ ပေးသည်များရှိကြောင်း၊ ပြည်သူလူထုအား အနိုင်ကျင့်စော်ကားမှုများအား လက်မခံပါကြောင်း၊ တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် ကလေးစစ်သား ကိစ္စရပ်များတွင်လည်း ထိရောက်စွာ အရေးယူဆောင်ရွက်နေပါကြောင်း၊ တပ်မတော်သားနှင့်ပတ်သက်သည့် တိုင်တန်းမှုများအား ချက်ချင်းစစ်ဆေး၍ မှန်ကန်မှုရှိပါက ချက်ချင်းအရေးယူဆောင်ရွက်ပါကြောင်း၊ တိုင်ကြားသူများ နစ်နာမှုမရှိစေရန် ကိုယ်ချင်းစာစိတ်ဖြင့် လုပ်ဆောင်ပါကြောင်း၊ ပါကြီး (ခေါ်) အောင်နိုင်ကိစ္စနှင့်ပတ်သက်ပြီး အဖြစ်အမှန်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

လယ်မြေသိမ်းဆည်းမှုများနှင့် ပတ်သက်၍ ပြောကြားရာတွင် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်က ရှုပ်ထွေးခဲ့သည့် ကိစ္စရပ်များဖြစ်ကြောင်း၊ စတင်သိမ်းဆည်းစဉ်က လယ်ယာမြေတောင်သူများ ကိုယ်တိုင်ဖော်ထုတ်ထားသည့် လယ်ယာမြေများအား ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ လယ်ယာမြေကိစ္စများအား မိမိတို့တပ်မတော်အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးသည်များရှိသကဲ့သို့ အစိုးရဘက်မှ အကြောင်းကြားမှုများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးပါကြောင်း။

တပ်မတော်နှင့် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဖြေကြားရာတွင် နိုင်ငံတကာနှင့် မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးစွာဆက်ဆံသည့်မိမိနိုင်ငံ၏နိုင်ငံခြားရေးမူဝါဒအတိုင်း တပ်မတော်သည်လည်း နိုင်ငံတကာ တပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေပါကြောင်း၊ ယခင်က အကန့်အသတ်နှင့်ဆက်ဆံရာမှ ယခုပိုမို ပွင့်လင်းစွာ ဆက်ဆံလျက်ရှိကြောင်း၊ မိတ်ဆွေသစ်များ တိုးပွားစေရေးအားလုံး မိတ်ဆွေဖြစ်ရေး ဆက်ဆံဆောင်ရွက်နေပါကြောင်း၊ မိမိနိုင်ငံအား အခြေပြုပြီး အခြားနိုင်ငံများအား နှောင့်ယှက်မှုများအား လက်မခံသကဲ့သို့ မိမိနိုင်ငံအား နှောင့်ယှက်မှုကိုလည်း လက်မခံကြောင်း။

အမေရိကန်နိုင်ငံနှင့်လည်း မိတ်ဆွေဖြစ်ရန် ကြိုးစားနေပါကြောင်း၊ အမေရိကန် တပ်မတော်ဆိုင်ရာ တာဝန်ရှိသူများ လာရောက်သကဲ့သို့ မိမိတပ်မတော်မှလည်း စေလွှတ်ပေးပါကြောင်း၊ အပြန်အလှန်သွားလာမှုတွင် ကန့်သတ်ချက် အချို့တော့ ရှိနေပါကြောင်း၊ မိမိနိုင်ငံ၏ အမှားမခံနိုင်သည့်သမိုင်းကြောင်းအရ ပထဝီအနေအထားအရ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ခင်ရင်းနှီးစွာ ဆက်ဆံပါကြောင်း၊ အိမ်နီးချင်းနိုင်ငံအားလုံးနှင့်ဆက်ဆံရေး ကောင်းမွန်ကြောင်းဖြင့် ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် VOA မြန်မာသတင်းဌာနမှ ဌာနမှူး ဦးသန်းလွင်ထွန်းအား လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

▲ *ရှေ့ဖုံးမှ*

မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတား ရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**



ဆောင်းပါးနှင့် ပြည်တွင်းသတင်း

# အနက်တူစကားလုံးများ – ၁

မောင်ခင်မင် (ဓနုဖြူ)

ဂျာနယ်တိုက်တစ်တိုက်မှ လူငယ်နှစ်ဦး ရောက်လာကြသည်။ အရင်ကလည်း သူတို့လာပြီး မေးမြန်းဆွေးနွေးဖူးသည်။

"ဆရာ---နေကောင်းပါရဲ့လား" ဟုသူတို့က ပဋိသန္ထာရပြုသည်။

"ကောင်းပါတယ်ကွယ်၊ သားတို့ သမီးတို့ရော အလုပ်အကိုင် အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ်ဆရာ။ ဆရာ့ဆီမရောက်တာကြာလို့ရယ်၊ သိချင်တာကလေးတွေရှိလို့ရယ်၊ သမီးတို့နှစ်ယောက် ချိန်းပြီးလာကြတာပါ ဆရာ"

"ဘာများပါလိမ့်ကွယ်"

"ကျွန်တော်တို့ သတင်းတွေ၊ ဆောင်းပါးတွေရေးရင်း တစ်ခါတစ်ခါကျတော့ အဓိပ္ပာယ်တူတဲ့စကားလုံးတွေ ခေါင်းထဲမှာ ပေါ်လာတတ်ပါတယ် ဆရာ။ အဲဒီအခါကျရင် ဘယ်စကားလုံးကိုသုံးရင် ကောင်းမလဲ၊ ဘယ်စကားလုံးက ဆီလျော်သလဲဆိုတာ ဆုံးဖြတ်ရခက်နေတတ်ပါတယ် ဆရာ"

"သမီးသိချင်တာလည်း အဲဒီပြဿနာပါပဲဆရာ။ အလှူလုပ်တဲ့သတင်း တစ်ခုကိုရေးရင် 'အလှူလုပ်တယ်'လို့ရေး ရကောင်းမလား၊ 'ဒါနပြုတယ်လို့ ရေးရကောင်းမလား'၊ 'အလှူဒါနပြုတယ်လို့ ရေးရကောင်းမလား' ဘယ်ဟာပိုကောင်းမလဲလို့ စဉ်းစားရတာမျိုးပါ ဆရာ"

"ဟုတ်ပါပြီ။ ဆရာကိုယ်တိုင်လည်း စာရေးရင် တစ်ခါတစ်ခါ အဲဒီပြဿနာမျိုး ရှိတတ်ပါတယ်။ ဘယ်ဘာသာစကားမှာဖြစ်ဖြစ် အနက်အဓိပ္ပာယ်တူတဲ့ စကားလုံးတွေရှိတော့ ဆီလျော်တဲ့စကားလုံးကို ရွေးချယ်ရတာဟာ စာရေးရာမှာကြုံရတတ်တဲ့ ပြဿနာတစ်ခုပဲလေ"

"ဟုတ်ပါတယ် ဆရာ"

"ကဲ---စကားလုံး ရွေးချယ်သုံးတဲ့ ပြဿနာမရောက်ခင် အနက်အဓိပ္ပာယ်တူတဲ့ စကားလုံးတွေရဲ့သဘာဝကို အရင်စဉ်းစားကြည့်ရအောင်။ ကိုယ်နဲ့အနီးစပ်ဆုံးဖြစ်တဲ့ ကိုယ့်အမေကို ရည်ညွှန်းတဲ့ စကားလုံးတွေ ဆိုပါတော့။ သားနဲ့သမီး သိသလောက်ပြောကြည့်ပါလား"

"ဟုတ်ကဲ့ပါ။ 'အမေ'ကို 'အမိ'၊ 'မိခင်'လို့လည်း သုံးပါတယ် ဆရာ"

" 'မအေ' လို့လည်း သုံးပါတယ်"

" တချို့နေရာတွေမှာ 'အမေ'ကို 'အမ' လို့ ခေါ်တာလည်း ကြားဖူးပါတယ် ဆရာ"

"ထီးသုံးနန်းသုံးမှာ 'မယ်တော်'လို့ သုံးပါတယ် ဆရာ။ 'မယ်မယ်' တို့၊ 'မယ်မယ်ဘုရား' တို့လည်း သုံးပါတယ်"

"ခေတ်ဆန်တဲ့သူတွေကတော့ 'မာမီ' လို့ ခေါ်ပါတယ်"

"ဟုတ်ပြီ၊ ဟုတ်ပြီ။ အမေကိုခေါ်တဲ့ စကားလုံးတွေ အများကြီးပဲ။ ဒီစကားတွေအားလုံး အနက်အဓိပ္ပာယ်တူတယ်။ အနက်တူစကားလုံးတွေလို့ ခေါ်နိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ---အဲဒီအနက်တူစကားလုံးတွေထဲမှာ သားတို့သမီးတို့ နေ့တိုင်း ပုံမှန် ပြောဆိုသုံးနှုန်းနေတဲ့၊ အသုံးအများဆုံး စကားလုံးက ဘယ်ဟာလို့ ထင်သလဲကွယ်"

"အမေပါဆရာ"

"ဟုတ်ပါတယ်ဆရာ၊ 'အမေ' က ပုံမှန်အများဆုံးသုံးနေတဲ့ စကားလုံးပါ"

"ဟုတ်ပါတယ်။ ပြောရာရေးရာမှာ 'အမေ' ဆိုတဲ့စကားလုံးဟာ အခြေခံအကျဆုံး စကားလုံးပါပဲ။ ပုံမှန်သုံးရင် 'အမေ' လို့ပဲ သုံးပါတယ်။ ကိုယ့်အမေကို ခေါ်ရင်လည်း 'အမေ' လို့ပဲ အများခေါ်ကြတာလေ"

" 'မအေ' ကရော ဆရာ"

" 'မအေ' က 'အမေ' လို့ ပြောရာက အသံရွေ့နောက်ပြောင်းသွားတာပါ။ 'မာလကာသီး' က 'မာကလာသီး' ဖြစ်သွားတာမျိုး 'ကစားမယ်'ကို 'စကားမယ်' လို့ ပြောတာမျိုးပေါ့၊ 'တချို့' သုံးကြပေမယ့် 'အမေ'လို အသုံးမတွင်ကျယ်ပါဘူး"

"ဒါဆိုရင် 'အမ' ကျတော့ နေရာဒေသအလိုက် အသုံးကွဲတာလို့ ပြောလို့ရမလား ဆရာ"

"ဟုတ်ပါတယ်။ ဆရာသိသလောက် ဆရာတို့ ဧရာဝတီတိုင်းက နေရာတော်တော်များများမှာ အမေကို'အမ'လို့ခေါ်တယ်။ ဒေသိယစကားလို့ ဆိုရမှာပေါ့။ ဒါပေမယ့် စာနဲ့ရေးရင်တော့ 'အမေ' လို့ပဲ ပုံမှန်ရေးလေ့ရှိပါတယ်"

" 'အမိ' တို့၊ 'မိခင်' တို့ကရော ဆရာ"

"အင်း--- 'အမိ' ကတော့ အမေကိုရည်ညွှန်းတဲ့ ရှေးအကျဆုံး မူလစကားလုံးလို့ ဆိုရမှာပေါ့။ ပုဂံခေတ်က ကျောက်စာတွေမှာ အမေကို 'အမိ' အဖေကို 'အဘ'လို့ ရေးကြတယ်။ ပျို့ကဗျာလင်္ကာတွေမှာ 'အမိ၊ မိခင်'၊ 'အဖ၊ ဖခင်' လို့သုံးကြတယ်။ 'အမိ' ကနေပြီး 'အမေ' လို့ အသံပြောင်းလာတာပေါ့။ ခုခေတ် အနေနဲ့ကြည့်ရင်တော့ 'အမိ' တို့ 'မိခင်' တို့ဟာ ရှေးစာတွေ ထဲမှာ အသုံးများတာမို့ စာပေဆန်တဲ့ ခံ့ညားတဲ့အသုံးတွေ ဖြစ်နေပြီလေ"

"ဟုတ်တယ်နော် ဆရာ၊ ကျွန်မ အမေကလို့ပြောတာထက် ကျွန်မမိခင်ကလို့ ပြောတာ ပိုပြီးခံ့ညားသလိုပဲ"

"စာထဲမှာ အသုံးများတော့ စာပေအငွေ့အသက်ပါနေလို့ ခံ့ညားတာပေါ့ကွယ်။ အဲဒီလိုပဲ 'မယ်တော်' ဆိုတာက ထီးနန်းထဲမှာ သုံးတဲ့စကားပေါ့။ 'ရဟန်းမယ်တော်' ဆိုတာမျိုးလည်း သုံးတာပေါ့။ မြင့်မြတ်တဲ့ အဆင့်အတန်းရှိတဲ့ လူမှုနယ်ပယ်မှာသုံးတဲ့ အသုံးလို့ နားလည်နိုင်တာပေါ့"

" 'မယ်မယ်'တို့ 'မယ်မယ်ဘုရား'တို့လည်း ကြားဖူးပါတယ် ဆရာ"

"အေး--- တချို့ဒေသိယ စကားတွေမှာလည်း အမေကို 'မယ်မယ်' လို့ ခေါ်ကြောင်း သိရတယ်။ ရှေးကျတဲ့ အသုံးတွေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"မေမေလို့ နှစ်လုံးဆင့်ခေါ်တာကတော့ ချစ်စနိုးခေါ်တာလို့ ဆိုရမှာပေါ့။ မေမေ၊ ဖေဖေ၊ ကိုကို၊ မမ ဆိုတဲ့ အခေါ်မျိုးတွေမှာ ချစ်ခင်တဲ့ အငွေ့အသက်ထင်ဟပ်နေတယ် မဟုတ်လား၊ အဲ-- 'မာမီ'လို့သုံးရင်တော့ အနောက်တိုင်းဆန်တယ်၊ ဘိုဆန်တယ်၊ ခေတ်ဆန်တယ်လို့ပြောနိုင်တာပေါ့။ အင်္ဂလိပ်စကားလုံး ယူသုံးတာကိုး"

"ဟုတ်ကဲ့ပါ"

"ဒီတော့၊ သားတို့သမီးတို့ရဲ့ ပြဿနာကို ပြန်ဆက်ရအောင်။ ခုပြောခဲ့တဲ့ အနက်တူစကားလုံးတွေဟာ အားလုံးအမေကိုခေါ်တဲ့စကားလုံးတွေ ဖြစ်ပေမယ့် ထပ်တူထပ်မျှတော့ မတူဘူးမဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"တချို့ကရှေးဆန်ပြီး စာသံပေသံပါနေတယ်။ တချို့က ထီးသံနန်းသံပါနေတယ်။ တချို့က အနောက်တိုင်းဆန်နေတယ်။ တချို့က ပုံမှန်သုံးတဲ့ အသုံး၊ တချို့က ချစ်စနိုးခေါ်တဲ့ အသုံးစသည်ဖြင့် အခြေအနေအမျိုးမျိုး ကွဲပြားနေတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒီတော့ ရေးတဲ့အကြောင်းအရာ အခြေအနေနဲ့ ဆီလျော်တဲ့စကားလုံးကို ရွေးချယ်သုံးမှ အကြောင်းအရာနဲ့ အသုံးအနှုန်းနဲ့ လိုက်ဖက်မှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"လိုက်ဖက်ဆီလျော်တဲ့အခြေအနေဆိုတာ ခြုံပြီးပြောတာပါ။ အဲဒီမှာ ပြောတဲ့၊ ရေးတဲ့အကြောင်းအရာတို့၊ ပြောတဲ့ရေးတဲ့ သူရဲ့ သဘောထားတို့၊ ခံစားမှုတို့ အစရှိတဲ့ အခြေအနေတွေပါမှာပေါ့။ ရှေးက ထီးနန်းဆိုင်ရာ အကြောင်းမျိုးရေးရင် ဥပမာ 'စုဖုရားလတ်၏ မိခင်သည် ဆင်ဖြူမရှင်ဖြစ်သည်' လို့ရေးလို့ ဘယ်ဆီလျော်မလဲ။ စုဖုရားလတ်၏ မယ်တော်သည် ဆင်ဖြူမရှင်ဖြစ်သည်လို့ရေးမှ ဆီလျော်မှာပေါ့။ စာဟန် ပေဟန်နှင့်ရေးရင်'ကျွန်တော့ မိခင်မှာ ကျောင်းအုပ်ဆရာမကြီးဖြစ်သည်' လို့ ရေးတာဆီလျော်တာပေါ့။ အပြောဟန်နဲ့ရေးရင်တော့ 'ကျွန်တော့် အမေဟာ ကျောင်းအုပ်ဆရာမကြီးပါ' လို့ရေးတာ ဆီလျော်တာပေါ့ကွယ်"

"ဒါဆိုရင် သမီးပြောကြည့်ပါမယ် ဆရာ။ အလှူအကြောင်း သတင်းရေးတဲ့အခါ အပြောဟန်နဲ့ပေါ့ပေါ့ပါးပါးရေးရင် 'အလှူလုပ်တယ်' လို့ ရေးတာ ဆီလျော်ပြီး စာဟန်နဲ့ ခံ့ခံ့ညားညားရေးရင်တော့ 'ဒါနပြုသည်၊ အလှူဒါနပြုသည်' လို့ရေးတာက ဆီလျော် တယ်လို့ဆိုနိုင်မှာပေါ့နော်"

"ဟုတ်ပါတယ်။ အနက်တူစကားတွေနဲ့ ဆက်စပ်နေတဲ့ အခြေအနေတွေကို သတိထားပြီးသုံးရင် သူ့နေရာနဲ့သူ လိုက်ဖက်အောင် သုံးနိုင်မှာပေါ့ကွယ်။ သမီးပြောတဲ့အထဲမှာ 'အလှူဒါနပြုသည်' ဆိုတဲ့ အသုံးပါတယ် မဟုတ်လား။ အလှူနဲ့ ဒါနဟာ အဓိပ္ပာယ်အတူတူပါပဲ။ အဲဒီလို အနက်အဓိပ္ပာယ်တူတဲ့ စကားလုံးတွေကို တွဲပြီးသုံးရင် ဝေဝေဆာဆာ ခံ့ခံ့ညားညားရှိတယ်လို့လည်း ယူဆကြတာပေါ့ကွယ်"

"ဒါနပြုသည်လို့ရေးရင် အဓိပ္ပာယ်ပြည့်စုံနေတာပဲဟာ၊ အလှူဒါနပြုသည်လို့ရေးတော့ စကားတွေပိုသွားပြီး ဖောင်းပွမနေဘူးလား ဆရာ"

"ဒီပြဿနာကို ဆရာတစ်ခါ ဆွေးနွေးဖူးပါတယ်။ ဘာကို ဦးစားပေးချင်တာလဲ။ လိုရင်းတိုရှင်းလား၊ ဝေဆာခံ့ညားတာလား။ လိုရင်း တိုရှင်းရေးချင်ရင်တော့ ကျစ်ကျစ်လျစ်လျစ်နဲ့ လိုရင်းရောက်အောင်ရေးဖို့လိုတာပေါ့။ ဝေဝေဆာဆာခံ့ခံ့ညားညားရေးချင်ရင်တော့ ခံ့ညားတဲ့ အငွေ့အသက်ပါအောင် အနက်အဓိပ္ပာယ်တူတဲ့စကားတွေ တွဲသုံးတာမျိုး လုပ်လေ့ရှိကြတယ်။ ရေးတဲ့ရည်ရွယ်ချက်ပေါ်မှာ မူတည်တာပေါ့ကွယ်။ ကဲ---ခဏနားကြရအောင်"

> သမီးပြောတဲ့အထဲမှာ "အလှူဒါနပြုသည်" ဆိုတဲ့ အသုံးပါတယ် မဟုတ်လား။ အလှူနဲ့ ဒါနဟာ အဓိပ္ပာယ်အတူတူပါပဲ။ အဲဒီလို အနက်အဓိပ္ပာယ်တူတဲ့ စကားလုံးတွေကို တွဲပြီးသုံးရင် ဝေဝေဆာဆာ ခံ့ခံ့ညားညားရှိတယ်လို့လည်း ယူဆကြတာပေါ့ကွယ် "

# နိုင်ငံခြားသားတစ်ဦး ပုဂံ-ညောင်ဦးလေဆိပ်တွင် မေ့ကျန်ခဲ့သောအိတ် ရဲဝန်ထမ်းတစ်ဦးတွေ့ရှိခဲ့၍ ပိုင်ရှင်ထံ ပြန်လည်အပ်နှံ

**ညောင်ဦး နိုဝင်ဘာ ၂၂**

ပုဂံညောင်ဦးလေဆိပ်တွင် နိုဝင်ဘာ ၂၀ ရက်က ဆိုက်ရောက် ခရီးသည် နားနေဆောင်အတွင်း ထိုင်ခုံပေါ်တွင် နိုင်ငံခြား ခရီးသွားဧည့်သည်တစ်ဦး ပိုက်ဆံအိတ်နှင့် ပစ္စည်းများပါအိတ်တစ်လုံး မေ့ကျန်ခဲ့ရာ လေကြောင်းရဲတပ်ဖွဲ့မှ ရဲအုပ်တစ်ဦး တွေ့ရှိ၍ ပိုင်ရှင်ဖြစ်သူ နိုင်ငံခြားသားထံသို့ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။



**တွေ့ရှိခဲ့**

အဆိုပါအိတ်များကို လေကြောင်း ရဲတပ်ဖွဲ့စုမှူး၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန (ပုဂံညောင်ဦးလေဆိပ်) မန်နေဂျာနှင့် တွေ့ရှိသူ ရဲအုပ်ရန်နိုင်ထွန်းတို့ ပူးပေါင်းပါဝင်သောအဖွဲ့မှ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ Mr. Gaetan Donati အမည်ပါ ဆွစ်ဇာလန်နိုင်ငံ ပတ်စ်ပို့စာအုပ်တစ်အုပ်၊ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာတန် လေးရွက်၊ ငါးဒေါ်လာတန် ၁၁ ရွက်၊ ၁၀ ဒေါ်လာတန် သုံးရွက်၊ ၂၀ ဒေါ်လာတန် ငါးရွက်၊ ၅၀ဒေါ်လာတန် ၁၅ ရွက်၊ ၁၀၀ ဒေါ်လာတန် တစ်ရွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၆၄ ဒေါ်လာ၊ အိန္ဒိယရူးပီးငွေ ၅၀၀ တန် နှစ်ရွက်၊ ပြင်သစ်ငွေ ၂၀တန် တစ်ရွက်၊ မြန်မာငွေကျပ် ၅၀၀၀ တန် အရွက် ၄၀၊ အကြွေစေ့မျိုးစုံ ရှစ်စေ့၊ ခါတ်ပုံအသေး ခုနစ်ပုံ၊ Memory Card 4GB ကတ် တစ်ကတ်၊ Memory Card 8GB ကတ် တစ်ကတ်၊ ဗီဇာစာတန်းပါကတ် တစ်ကတ်၊ Mastro စာတန်းပါကတ်တစ်ကတ်တို့ တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ပစ္စည်းမေ့ကျန်ခဲ့သူ Mr.Gaetan Donati သည် နံနက် ၉ နာရီ ၄၅ မိနစ်က ပုဂံ-ညောင်ဦးလေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ၎င်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပတ်စ်ပို့စာအုပ်ဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ပြီး ပိုင်ရှင်စစ်မှန်ကြောင်း စိစစ်တွေ့ရှိခဲ့ရာ ပစ္စည်းနှင့် ငွေသားများပါရှိသောအိတ်များအား တွေ့ရှိသူ ရဲအုပ်ရန်နိုင်ထွန်းက တာဝန်ရှိသူများ ရှေ့မှောက်တွင် ပိုင်ရှင်ဖြစ်သူ Mr.Gaetan Donati ထံသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**



# အခြေခံစက်ချုပ်သင်တန်း(၂/၂၀၁၄) သင်တန်းဆင်း

**နေပြည်တော် နိုဝင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက အခြေခံစက်ချုပ်သင်တန်း (၂/၂၀၁၄)သင်တန်းဆင်းပွဲ ကျင်းပသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စီးပွားရေးအဖွဲ့ခေါင်းဆောင် ဒေါ်အမာက အမှာစကားပြောကြားပြီး စက်ချုပ်သင်တန်း ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်၍ သင်တန်းသူများကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ ဗဟိုအလုပ်အမှုဆောင်ဝင်များ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

ပြည်တွင်းသတင်း

# ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ကာကွယ်ရေးနှင့် ထွန်းကားပြန့်ပွားရေး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

**ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကာကွယ်ရေးနှင့် ထွန်းကားပြန့်ပွားရေး အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာညီလာခံကို နီပေါနိုင်ငံ လုမ္ဗိနီထေရဝါဒဗုဒ္ဓတက္ကသိုလ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တို့ပူးပေါင်း၍ နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် နီပေါနိုင်ငံ လုမ္ဗိနီဒေသ မြန်မာရွှေကျောင်းရှိ ရွှေတိဂုံပုံတူ လောကမဏိစူဠာစေတီတော်ရင်ပြင်၌ ကျင်းပခဲ့သည်။** (အောက်ပုံ)

အခမ်းအနား၌ နီပေါနိုင်ငံ ထေရဝါဒဗုဒ္ဓတက္ကသိုလ်မှ ဒေါက်တာ အရှင်ဉာဏပုဏ္ဏိတကက ကြိုဆိုနှုတ်ဆက်စကားပြောကြားခဲ့သည်။ ဆက်လက်၍ နီပေါနိုင်ငံသမ္မတ Dr. Ram Baran Yadav က ဆီမီးတိုင်ထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဒေါက်တာအရှင်ဉာဏိဿရက အဖွင့်အမှာစကားပြောကြားရာတွင် ဗုဒ္ဓဘုရားရှင်၏ အဓိကထူးခြားသည့် အဖြစ်အပျက်များနှင့်စပ်လျဉ်းပြီး ကမ္ဘာပေါ်တွင် အဓိကနေရာ ခြောက်နေရာကို ဗုဒ္ဓဘာသာဝင်များ အလေးအမြတ်ထားပူဇော်ကြကြောင်း၊ အဆိုပါနေရာများမှာ-

(က) သိဒ္ဓတ္ထဂေါတမဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်၊

(ခ) သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည့် ဗုဒ္ဓဂယာဒေသရှိ မဟာဗောဓိရွှေညောင်ပင်၊

(ဂ) တရားဦး ဓမ္မစကြာဟောတော်မူရာ မိဂဒါဝုန်တော၊

(ဃ) ဘုရားရှင် (၂၅) နှစ်ကြာ သီတင်းသုံးတော်မူရာ သာဝတ္ထိဒေသ၊

(င) မယ်တော်မိနတ်သားဦးဆောင်သော နတ်အပေါင်းတို့အား တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာတော် ဟောကြားတော်မူပြီးနောက် လူ့ပြည်သို့ ပြန်လည်ဆင်းသက်ရာ သင်္ကဿနဂိုရ်ပြည်နှင့်

(စ) ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ရာ ကုသိနာရုံကျောင်းတို့ဖြစ်ကြောင်း။

ဘာသာရေးအနှစ်သာရအားဖြင့် ထူးခြားသောအချက်နှစ်ချက်နှင့် ပြည့်စုံသောလုမ္ဗိနီဒေသတွင် ဤအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကို ကျင်းပရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပထမအချက်အနေဖြင့် ဤလုမ္ဗိနီဒေသသည် ဘုရားရှင်ဖွားတော်မူသည့်နေရာဖြစ်ပြီး ဒုတိယအချက်မှာ သိဒ္ဓတ္ထမင်းသားငယ် ဖွားမြင်ပြီးစတွင် အံ့ဩဖွယ်အခြင်းအရာကို ထူးခြားစွာ ပြသတော်မူခဲ့သည့်နေရာဖြစ်ကြောင်း၊ သိဒ္ဓတ္ထမင်းသားသည် အရပ်လေးမျက်နှာကို ကြည့်ရှုပြီး ဖွားမြင်ပြီးစအချိန်တွင်ထွက်ပေါ်လာသည့် ကြာပွင့်ခုနစ်ပွင့်ပေါ်တွင် မြောက်အရပ်သို့ ခြေလှမ်းခုနစ်လှမ်း လှမ်းလျက် ဤကမ္ဘာလောက၌ ငါသည် အမြင့်မြတ်ဆုံးဖြစ်သည်။ ဤမွေးဖွားခြင်းသည် နောက်ဆုံးမွေးဖွားခြင်းဖြစ်သည်။ ငါ့အဖို့ အသစ်တစ်ဖန် ပြန်လည်မွေးဖွားခြင်းမရှိတော့ပေတကားဟု ကြွေးကြော်ခဲ့သည်။ ကျွန်ုပ်တို့အား ရှင်းလင်းပြတ်သားသော လမ်းညွှန်မှုနှင့်စံနမူနာပြ ကြွေးကြော်ခြင်းတို့ကို ဆင်ခြင်သုံးသပ်သောအခါ ဤနေရာသို့ရောက်ရှိနေသော ဗုဒ္ဓဘာသာဝင်အားလုံးသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန် အားထုတ်ကြပါစို့။ ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ရန် အားထုတ်ကြပါစို့။ ဗုဒ္ဓဘာသာယဉ်ကျေးမှု အမွေအနှစ်များကို မူလသဘာဝအတိုင်း ထိန်းသိမ်းနေစဉ်ကာလအတွင်း ထွန်းကားပြန့်ပွားအောင် အားထုတ်ကြပါစို့ဟု သစ္စာအဓိဋ္ဌာန်ပြုကြရမည်ဖြစ်ကြောင်း၊ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီး နှစ်ပေါင်း ၂၃၆ နှစ်အကြာတွင် အသောကမင်းတရားကြီးသည် ဗုဒ္ဓဘာသာအထွတ်အမြတ်ဒေသအားလုံးသို့ လှည့်လည်ပူဇော်ခဲ့ကြောင်း၊ လုမ္ဗိနီဒေသသို့ ဘီစီ ၂၄၉ ခုနှစ်တွင်ရောက်ရှိပြီး ကျောက်တိုင်တစ်ခုကို အမှတ်တရစိုက်ထူပူဇော်ခဲ့ကြောင်း၊ အသောကမင်းတရားကြီးသည် ရောက်လေရာနေရာဒေသနီးပါး၌ ကျောက်တိုင်ပုံစံလေးမျိုးကိုစိုက်ထူခဲ့ပြီး ကျောက်တိုင်များအပေါ်၌လည်း မှတ်တမ်းရေးထိုးခဲ့ကြောင်း၊ လုမ္ဗိနီကျောက်တိုင်ထိပ်၌ မြင်းရုပ်ကိုထားရှိခဲ့ကြောင်း၊ ရမ်ဂမ်နှင့်ရမ်ပူရ်ကျောက်တိုင်ထိပ်၌ နွားရုပ်ကိုထားရှိခဲ့ကြောင်း၊ သင်္ကဿနဂိုရ်ကျောက်တိုင်ထိပ်၌ ဆင်ရုပ်ကိုထားရှိခဲ့ပြီး အခြားနေရာများရှိ ကျောက်တိုင်များ၏ထိပ်၌ ခြင်္သေ့ရုပ်များ ထွင်းထုထားရှိခဲ့ကြောင်း။

အသောကမင်းကြီးစိုက်ထူခဲ့သော ကျောက်စာတိုင်လေးမျိုးကို ကိုယ်စားပြုသော ဗုဒ္ဓဘာသာအတွေးအခေါ် ဗုဒ္ဓဘာသာအသိဉာဏ်၊ ဗုဒ္ဓဘာသာဂုဏ်သိက္ခာတို့ကိုညွှန်းဆိုချက်အတိုင်း မြင်းရုပ်သည်တစ်လောကလုံး၏အကျိုးစီးပွားကိုလျင်မြန်သောအရှိန်အဟုန်ဖြင့် အမှုထမ်းဆောင်ရန်၊ နွားရုပ်သည် တစ်လောကလုံး၏အကျိုးစီးပွားကို သည်းခံခြင်းစွမ်းအားဖြင့် အမှုထမ်းဆောင်ရန်၊ ဆင်ရုပ်သည် တစ်လောကလုံး၏အကျိုးစီးပွားကိုကြီးမားသော ခွန်အားဖြင့် အမှုထမ်းဆောင်ရန်၊ ခြင်္သေ့ရုပ်သည် လောကကောင်းကျိုးအတွက် ရဲရင့်သော သတ္တိဖြင့် အမှုထမ်းဆောင်ရန်တို့ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်အားလုံးတို့က အသောကမင်းကြီးညွှန်းဆိုသည့်အတိုင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကာကွယ်ရေးနှင့် ထွန်းကားပြန့်ပွားရေးတို့အတွက် အလေးထားညှိနှိုင်းဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏သဝဏ်လွှာကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးအောင်သိန်းညွန့်က ဖတ်ကြားခဲ့သည်။ ယင်းနောက် နီပေါနိုင်ငံသမ္မတ Dr. Ram Baran Yadav၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ နီပေါနိုင်ငံ ဒုတိယဝန်ကြီးချုပ် Prakash Man Singh၊ နီပေါနိုင်ငံ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး Mr. Deepak Chandra Anatya တို့က အသီးသီးအမှာစကားများပြောကြားခဲ့သည်။





ထို့နောက် အခမ်းအနားသို့တက်ရောက်လာသည့် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင် ၉၃ ဦးအပါအဝင် တက်ရောက်သူစုစုပေါင်း ၆၀၀ ကျော်တို့က အဖွဲ့ငယ်ငါးဖွဲ့ခွဲ၍ သုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးကြသည်။ နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းတွင် လုမ္ဗိနီဒေသရှိ ဗုဒ္ဓဘာသာအမွေအနှစ်များ ကမ္ဘာ့ဗုဒ္ဓဘာသာအမွေအနှစ်များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာပညာရေးစနစ်နှင့်လုမ္ဗိနီဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် ခေါင်းစဉ်ငါးခုနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ယင်းနောက် သီတဂူဆရာတော်ကြီးက ညီလာခံပိတ်ပွဲ နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဤအောင်မြင်မှုများသည် နိုင်ငံပေါင်း ၂၅ နိုင်ငံမှထောက်ပံ့လှူဒါန်းသူများ၊ ဖွဲ့စည်းဆောင်ရွက်သူများ၊ စေတနာရှင်များ၊ ထူးခြားထင်ရှားသောလမ်းညွှန်စကားပြောကြားသူများ၊ ထေရ်ကြီးဝါကြီးရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာတက္ကသိုလ်များ၊ ထင်ရှားသောဗုဒ္ဓဘာသာသုတေသီများ၊ ယူနက်စကိုရှေးဟောင်းသုတေသနပညာရှင်များ၊ ယူနက်စကိုနှင့် အခြားရာသီဥတုဆိုင်ရာသိပ္ပံပညာရှင်များ၊ သုတေသီခေါင်းဆောင်များနှင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်သူများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အောင်မြင်ခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီသည် မွန်ပြည်နယ်အစိုးရအဖွဲ့လူမှုရေးဝန်ကြီး၊ အမှတ် (၁) အခြေခံပညာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်ပညာရေး ကောလိပ်သို့ ရောက်ရှိကြသည်။ ပြည်ထောင်စုဝန်ကြီးက ပညာရေးမြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ဆရာ ဆရာမများ၏အခန်းကဏ္ဍသည် အရေးပါသည့်နေရာတွင်ရှိကြောင်း၊ အရည်အချင်းပြည့် ဆရာ ဆရာမများကသာလျှင် အရည်အသွေးပြည့်ဝသော ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဆရာ၊ဆရာမတို့အနေဖြင့် အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများဖြစ်အောင် အစဉ်တစိုက် လေ့လာကြိုးစား အားထုတ်နေကြရမည်ဖြစ်သကဲ့သို့ ဆရာလောင်း ဆရာမလောင်းများကိုလည်း အရည်အချင်းပြည့်ဝသော ဆရာကောင်း၊ ဆရာမကောင်းများ ဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်ပေးနေကြရမည်ဖြစ်ကြောင်း၊ ဆရာ့ကျင့်ဝတ် ဆရာ့သိက္ခာကိုစောင့်ထိန်းပြီး ဆရာ့လုပ်ငန်း၊ ဆရာ့တာဝန်များကိုလည်း လေးစားမြတ်နိုးတန်ဖိုးထားကာ ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ကာလတွင် အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ရာ အမျိုးသားပညာရေးဥပဒေတွင်ပါဝင်သည့် အမျိုးသားပညာရေးရည်မှန်းချက်များ၊ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများနှင့် အမျိုးသားပညာရေးစနစ်တို့ကို နားလည်သဘောပေါက်အောင် လေ့လာထားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**




ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့်အဖွဲ့သည် ကရင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့်အတူ ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ဘားအံမြို့ပေါ်ရှိ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ဆရာ ဆရာမတို့၏ အရည်အချင်းပြည့်ဝရေး အမျိုးသားပညာရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသော ပညာရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘားအံတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များနှင့် တာဝန်ရှိသူများအားတွေ့ဆုံကာ အမျိုးသားပညာရေးဥပဒေကို လည်းကောင်း၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်နေသည့် ပညာရေးအစီအစဉ်များကိုလည်းကောင်း၊ တိုင်းရင်းသားဘာသာသင်ကြားရေး အစီအစဉ်များကိုလည်းကောင်း မှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီသည် နိုဝင်ဘာ ၂၁ ရက် ညနေပိုင်းက မွန်ပြည်နယ်အတွင်း ကျိုက်ထိုမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ သထုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်းရောက်ရှိခဲ့ပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိခဲ့ကာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များနှင့် တာဝန်ရှိသူများအားတွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

*ကျောဖုံးမှ*

ကားလမ်းပြီးစီးသွားပါက ခရီးလမ်းပန်းဆက်သွယ်မှုနှင့် သွားလာရေးအဆင်ပြေသွားမည်ဖြစ်သည်။ ထိုင်းမှ ကမ္ဘာလှည့် ခရီးသွားများအတွက် အပန်းဖြေစရာ ကမ်းခြေဖြစ်လာနိုင်သည်။

ရေးမြို့နယ်တွင် အခြားသဘာဝကမ်းခြေများဖြစ်သည့် မန်ကျည်းကျွန်းကမ်းခြေ၊ ကဗျာဝကမ်းခြေ၊ ခနိကြာကမ်းခြေနှင့်ဘုရားတောင်ပင်လယ်ဝကမ်းခြေတို့လည်းရှိနေရာ အပန်းဖြေကမ်းခြေပေါများသည့် မြို့နယ်ပင်ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားနေသည့် မြန်မာနိုင်ငံအနေဖြင့် ခရီးစဉ်အသစ်များ ဖော်ထုတ်ရန်လိုအပ်လျက်ရှိရာ ရန်ကုန်မှရေးမြို့သို့မော်တော်ယာဉ်ဖြင့် ၂၈၁ မိုင်၊ ရထားခရီးစဉ်ဖြင့် ၂၅၆ မိုင်၊ လေယာဉ်ခရီးစဉ်ဖြင့် ၁၅၅ မိုင် ခရီးရှိရာ အပန်းဖြေကမ်းခြေသစ်များသို့ ခရီးသွားများလာရောက်ရန် ကြိုးစားရမည်ဖြစ်သည်။

"ကျွန်တော်တို့ မွန်ပြည်နယ်မှာ သဘာဝအလှအပတွေ၊ အပန်းဖြေကမ်းခြေတွေ၊ သမိုင်းဝင်နေရာတွေ အများကြီးရှိနေတယ်။ ငွေကြေးအရင်းအနှီးအတွက်လည်း ထုတ်ချေးမယ့်ဘဏ်တွေရှိတယ်။ အရည်အချင်းရှိတဲ့ လူငယ်တွေလည်းရရှိဖို့ ကူညီပေးမယ်။ ပြည်ထောင်စုအစိုးရရော ကျွန်တော်တို့ မွန်ပြည်နယ်အစိုးရကပါ အားပေးမှုအပြည့်ရှိတယ်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်အောင် ဒေသခံစီးပွားရေးလုပ်ငန်းရှင်တွေကြိုးစားစေချင်ပါတယ်" ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအုန်းမြင့်က ပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေး၌ လုပ်ငန်းရှင်များအား တိုက်တွန်းခဲ့သည်။

မွန်ပြည်နယ်ရှိ ရေးမြို့နယ်၌ လှပသောကမ်းခြေများက သဘာဝကပေးထားသော လက်ဆောင်မွန်များဖြစ်ရာ အကျိုးရှိစွာအသုံးချနိုင်ပါက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုရန် အသင့်အနေအထား ရှိနေပြီဖြစ်သည်။

**(မြန်မာ့အလင်း)**

## မိုးလေဝသအခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်။**

## ပြည်တွင်းသတင်း

*✻ ရှေ့ဖုံးမှ*

ထို့အပြင်တိုင်းရင်းသားဘာသာနှင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများလည်း ထုတ်ဝေနေကြပြီဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ဒို့တာဝန်အရေးသုံးပါးကို မဆန့်ကျင်၊ မထိခိုက် မနစ်နာစေလျှင် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မည်သူတွေက မည်သို့ဆိုနေကြပါစေ တစ်ခါမှ မရခဲ့ဖူးသည့် အိပ်မက်ပင် မမက်ခဲ့ဖူးသည့် အခွင့်အရေးမျိုး ရနေပြီဖြစ်သည့်အတွက် အချိန်ရှိခိုက် လုံ့လစိုက်ပြီး လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ဆောင်ကြရန် တိုက်တွန်းပါကြောင်း။

ရှမ်းပြည်နယ်သည်တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုထဲတွင် နယ်မြေဧရိယာအကျယ်ဆုံးဖြစ်မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုထဲတွင် မြို့နယ် ၅၅ မြို့နယ်ပါဝင်၍ မြို့နယ်အများဆုံးပါဝင်မှု၊ ပြည်နယ်အတွင်း တိုင်းရင်းသား အစုံဆုံး၊ တိုင်းရင်းသားဆိုင်ရာ ပြဿနာအများဆုံးဖြစ်မှု၊ တစ်နိုင်ငံလုံးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသခြောက်ခုရှိသည့်အနက် ပြည်နယ်အတွင်း ငါးခုပါဝင်မှု၊ တိုင်းရင်းသားရေးရာဝန်ကြီး အများဆုံးရှိမှု၊ ပြည်နယ်အတွင်း စစ်တိုင်းလေးတိုင်းအထိရှိမှု၊ ကမ္ဘာကျော် ရွှေတြိဂံဒေသပါဝင်မှု၊ မြန်မာနိုင်ငံ၏ သမိုင်းဝင် လွတ်လပ်ရေးအတွက် တိုင်းရင်းသားများနှင့် စတင်ဆွေးနွေးသဘောတူညီခဲ့ရာ ပင်လုံဒေသပါဝင်မှု၊ ကမ္ဘာကျော်အင်းလေးကန်ရှိမှု စသည်ဖြင့် ထူးခြားချက်များစွာရှိပါကြောင်း။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဘဒ္ဒန္တအဂ္ဂမဟာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ နိုင်ငံတော်ဩဝါဒါစရိယ စွန်းလွန်းဆရာတော်ထံ သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထိုသို့ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့်မတူဘဲ တစ်မူထူးခြားသည့် ဝိသေသများပါဝင်နေသည်ကို ပြဿနာကြီးတစ်ခုဟု မမှတ်ယူဘဲ အခွင့်အရေးတစ်ရပ်ဟု ယူဆပြီး ထိရောက်မှန်ကန်သည့် စီမံခန့်ခွဲမှု ပြုလုပ်နိုင်လျှင် အဖွံ့ဖြိုးဆုံးပြည်နယ်အဖြစ် ပေါ်ပေါက်လာနိုင်ပါကြောင်း၊ ပြည်သူလူထု တစ်ရပ်လုံးက ကိုယ်စီကိုယ်င ကြိုးပမ်းလုပ်ဆောင်မှ မိမိတို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။။

ထို့ကြောင့် ထူးခြားသည့် ဝိသေသလက္ခဏာများပါဝင်သည့် ရှမ်းပြည်နယ် အပါအဝင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း နှစ်ရှည်လများအတူယှဉ်တွဲနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးစုများအားလုံးအတွက် သမိုင်းတွင်ရစ်စေမည့် ယနေ့ရှမ်းနှစ်သစ်ကူးပွဲတော်ကြီးကို သက်သေပြုပြီး ထာဝရငြိမ်းချမ်းရေးနှင့်အတူ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားပေါင်းစုံ အေးအတူပူအမျှ သဟဇာတမျှတစွာဖြင့် နေထိုင်သွားနိုင်စေရန် စွမ်းဆောင်ကြိုးပမ်းကြရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ရှမ်းနှစ် ၂၁၀၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်နေ့၌ ကျရောက်သော ရှမ်းနှစ်သစ်ကူးပွဲတော်သို့ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်ကဖတ်ကြားပြီး ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှပေးပို့သော သဝဏ်လွှာကို မှတ်တမ်းတင်သည်။

ဆက်လက်၍ ရှမ်းနှစ်သစ်ကူးပွဲတော်ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းထွန်းမြတ်က ကျေးဇူးတင်စကား ပြောကြားပြီး ရှမ်းနှစ်သစ်ကူးမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးနှင့်အဖွဲ့သည် နှစ်သစ်ကူးပွဲတော်တွင် ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၏ သီးနှံမျိုးစေ့ပြခန်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုပြခန်း၊ ရှမ်းအမျိုးသားသမိုင်းနှင့် ယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးနှင့်အဖွဲ့သည် မြို့လယ်ဓမ္မာရုံ၌ တောင်ကြီးမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးနှင့်ဧည့်ပရိသတ်များက ဘဒ္ဒန္တအဂ္ဂမဟာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ နိုင်ငံတော်ဩဝါဒါစရိယ စွန်းလွန်းဆရာတော်ထံမှ သာဓုအနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးနှင့်အဖွဲ့သည် ဝေဠုဝန်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် နှစ်သစ်ကူးမင်္ဂလာ သံဃာ့ဒါနဆွမ်းအလှူတော်နှင့် တရားတော်နာ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် ဒေါက်တာပညာနန္ဒက နှစ်သစ်ကူး ဆုမွန်တောင်းပြီး ဒေါက်တာ ဘဒ္ဒန္တ ဓမ္မသာမိက ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးနှင့်ဧည့်ပရိသတ်များက ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသိရိထံမှ သာဓုအနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီးနောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးနှင့်အဖွဲ့သည် အဝေရာမီးပုံးပျံကွင်း (ရိုးရာစင်မြင့်)၌ကျင်းပသည့် ကိန္နရီ၊ ကိန္နရာနှင့် တိုးနရားအကပြိုင်ပွဲကို တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

*✿ ကျောဖုံးမှ*

ဖိလစ်ပိုင်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် ရိုတက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပြီးခါနီးတွင် ဖိလစ်ပိုင်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး နာမည်ကြီးကစားသမား ဖိလစ်ယန်ဟက်စဘန်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ဖိလစ်ပိုင်အသင်းက ပွဲကိုစိုးမိုးသွားပြီး ရိုင်ချယ်လစ်က ၇၇ မိနစ်နှင့် ၈၉ မိနစ်တို့တွင် အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

ဒုတိယပွဲအဖြစ် အိမ်ရှင် ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

အုပ်စု(ခ) ပွဲစဉ်များကို နိုဝင်ဘာ ၂၄ ရက် (ယနေ့) တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် မလေးရှား၊ ညနေ ၆ နာရီခွဲတွင် ထိုင်းနှင့် စင်ကာပူတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

## ဒီဇင်ဘာအားကစားလ ပြည်သူများ စုပေါင်းလမ်းလျှောက်

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ဒီဇင်ဘာ အားကစားလ ပြည်သူများစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ၊ ၁၃ ၊ ၂၀ နှင့် ၂၇ ရက်တို့တွင် မန္တလေးနန်းမြို့ ကျုံးတောင်ဘက်ရှိ ၂၆ လမ်းနှင့် ၇၃ လမ်း မင်္ဂလာလမ်းဆုံစုရပ်မှ စတင်၍ ၁၉ လမ်းကျုံးရှေ့ဘက် ၆၆ လမ်းဆုံအထိအသွားအပြန် လမ်းလျှောက်ပွဲ ဆင်နွှဲမည်ဖြစ်ရာ ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအပါအဝင်တက္ကသိုလ်ကောလိပ်တို့မှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ သတ်မှတ်စုရပ်နေရာသို့ နံနက် ၅ နာရီမထိုးမီ စုပေါင်း တက်ရောက်နိုင်ကြကြောင်းနှင့် အားကစားပြိုင်ပွဲများကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**တင်မောင်-မန္တလေး**

## ရန်ကုန်တက္ကသိုလ်အဆောင်များ အကြီးစားပြုပြင်မွမ်းမံမှုများစစ်ဆေး



**ရန်ကုန် နိုဝင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာအရည်အသွေး မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်နေသကဲ့သို့ ရုပ်ပိုင်းဆိုင်ရာပစ္စည်းများ ဖြည့်ဆည်းခြင်း၊ ပြုပြင်မွမ်းမံမှုလုပ်ငန်းများ မူလလက်ရာမပျက်စေဘဲ တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များ၊ ကျောင်းသားကျောင်းသူအဆောင်များ ပရိဘောဂပြုပြင်မွမ်းမံ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ ဆောင်ရွက်သည့် လုပ်ငန်းများကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်းနှင့်ဦးတင်နိုင်သိန်းတို့သည် ယနေ့ညနေ ၃ နာရီခွဲတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းမဖွင့်မီ ရန်ကုန်တက္ကသိုလ်အတွင်းရှိ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ အဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုဝန်ကြီးများသည် ကျောင်းသူအဆောင်များဖြစ်ကြသော သီရိဆောင်၊ မာလာဆောင်၊ အင်းလျားဆောင်၊ ရတနာဆောင်များနှင့်ကျောင်းသားအဆောင်များဖြစ်ကြသည့် စစ်ကိုင်းဆောင်၊ ပင်းယဆောင်၊ ပဲခူးဆောင်တို့ကိုအကြီးစားပြုပြင်မွမ်းမံဆောင်ရွက်နေသည်ကို ကျောင်းဆောင် တစ်ဆောင်ချင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားခဲ့သည်။

**(အပေါ်ပုံ)(သတင်းစဉ်)**

## မြို့ပတ်ရထားအား ခဲဖြင့်ပစ်ပေါက်မှုအကြိမ်များလာ ပြည်သူများကူညီမှုဖြင့် အချိန်တိုအတွင်းဖမ်းဆီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၂**

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းနှင့် အဝေးပြေးရထားများကို အဆင့်မြှင့်ပြင်ဆင်၍ ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသော်လည်း မလိုလားအပ်သော နှောင့်ယှက်ဖျက်ဆီးမှုများ ကြုံတွေ့လျက်ရှိသည်။

နိုဝင်ဘာ ၂၀ ရက်ည ၇နာရီ ၂၅ မိနစ်က ရန်ကုန်မြို့ပတ်လမ်းပိုင်းရှိ ရန်ကုန်- အင်းစိန်လက်ဝဲရစ် RBE Air Con အထူး(၈) ရထားကို ကျောက်ရေတွင်းနှင့် ပုရွက်ဆိတ်ကုန်းဘူတာအကြား မိုင်တိုင်အမှတ် ၉/၉-၁၀ ကြား၌ ခဲဖြင့်ပစ်ပေါက်ခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ပြည်သူလူထု၏ ပူးပေါင်းပါဝင် ကူညီမှုဖြင့် ရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ရာ ခဲဖြင့်ပစ်ပေါက်ခဲ့သည့် တရားခံသုံးဦးကို အချိန်တိုအတွင်း ဖမ်းဆီးနိုင်ခဲ့သည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၂ ရက်နေ့ကလည်း မြို့ပတ်ရထား အမှတ် (န/၉) သည် ည ၇နာရီ ၀၂ မိနစ်တွင်လည်းကောင်း၊ ရထားအမှတ် (ဂ/၆) သည် ည ၇နာရီ ၁၀မိနစ်တွင်လည်းကောင်း၊ ရထားအမှတ် (စ/၁၂) သည် ည ၇နာရီ ၁၆ မိနစ်တွင် လည်းကောင်း၊ မလွှကုန်းနှင့် မေတ္တာညွန့်ဘူတာကြားတွင် ရထားများကို ခဲဖြင့်ပစ်ပေါက်ခဲ့သဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် တရားခံများကို ဖမ်းဆီးနိုင်ခဲ့သည်။

ပြည်သူ့ဘဏ္ဍာဖြင့် ထုတ်လုပ်ဝယ်ယူထားသော ပစ္စည်းများ အကြောင်းမဲ့ဖျက်ဆီးမှုမခံရရေးနှင့် ခရီးသွားပြည်သူများလုံခြုံစိတ်ချစွာ စီးနင်းသွားလာနိုင်ရေးအတွက် ပြည်သူများကဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် မြန်မာ့မီးရထားက မေတ္တာရပ်ခံနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအရာရှိကြီးများပါဝင်သည့် ကိုယ်စားလှယ်ငါးဦးအဖွဲ့သည် ယနေ့မွန်းလွဲ ၁၂နာရီ ၁၅မိနစ်က ဩစတြေးလျနိုင်ငံအကောက်ခွန်နှင့် နယ်စပ်ဒေသကာကွယ်တားဆီးရေးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဖိတ်ကြားချက်အရ ဩစတြေးလျနိုင်ငံသို့ ခရီးထွက်ခွာကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ပြည်တွင်းသတင်း

○ *ကျော်ဖုန်းမှ*

ယခုကဲ့သို့ လွှတ်တော်ရပ်နားစဉ် ရက်များအတွင်း ပြည်သူများထံ သွားရောက်၍ ပြည်သူများ၏ အသံကိုရယူနေခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ သွားရောက်ခြင်းဖြင့် ပြည်သူများ၏ အသံကိုပိုမိုကြားသိရပြီး လွှတ်တော်အတွင်း ပြည်သူများ၏ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မိမိတို့ လွှတ်တော်များတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်မားစေရေးအတွက် ဦးတည်ချက်သုံးရပ်ထားကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုကျင်းပလျက်ရှိသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအတွက် လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများ သောသောညံလျက်ရှိသည်ကို ပြည်သူများ ကြားသိနေကြပြီ ဖြစ်ပါကြောင်း၊ လာမည့် ၂၅ ရက်တွင် ဆွေးနွေးမှုပြီးဆုံးပါက လွှတ်တော်အပိုင်းက သက်ဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

ပြုပြင်ပြောင်းလဲမှုသည် လူတစ်ဦးချင်း၊ အဖွဲ့တစ်ဖွဲ့၊ နိုင်ငံတစ်နိုင်ငံအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုမလုပ်ရဟု တရားသေမှတ်ယူပါက အမှားဖြစ်ကြောင်း၊ ထို့အတူ ပြောင်းလဲရန်မလိုသည့် အချက်များကို အတင်းပြောင်းလဲပါကလည်း အမှားတစ်ရပ်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဆင်ခြင်တုံတရားကို အလေးထားပြီး နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးအတွက် စဉ်းစားဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုကဲ့သို့ သာစည်မြို့သို့ ရောက်ရှိစဉ် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးသာမက မိမိတို့ဒေသလိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် သာစည်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသူရ၊ အဖွဲ့ဝင် ဦးအောင်စိုးဝင်း၊ သာစည်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မောင်အေး၊ သာစည်မြို့နယ် စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးကံဆောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်စိုး၊ ပျော်ဘွယ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးစံထွန်းတို့က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နာယကက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ မိမိတို့နိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးသည် နေရာတစ်ခုကို ရောက်ရှိခဲ့ပြီးဖြစ်သော်လည်းမျှော်မှန်း၊ မျှော်လင့်ထားသလောက် မဖြစ်သေးပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် လွယ်လွယ်နှင့် ရသည့်ကိစ္စ မဟုတ်ပါကြောင်း၊ မည်မျှပင် ခက်ခဲပါစေ မိမိတို့အနေဖြင့် အောင်မြင်အောင် လုပ်ဆောင်မည်ဟု ခံယူထားပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းနှင့် အာဖရိကတိုက် နိုင်ငံများနှင့် နှိုင်းစာလျှင် ကောင်းမွန်သည့် အခွင့်အရေးများ ရရှိခဲ့ပါကြောင်း။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ယခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများ ကျင်းပပြီး လွှတ်တော်၊ အစိုးရအဖွဲ့၊ တရားရေးအဖွဲ့များ ပေါ်ပေါက်လာခဲ့ပြီး ယခုအခြေအနေ ထိရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ ယခုအခါ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းအကျိုးဆက်ကြောင့် ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များသည် နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြော၊ အသက်ဝိညာဉ်ဖြစ်၍ လွှတ်တော်များ၏အခန်းကဏ္ဍ မည်မျှအရေးကြီးသည်ကို သိရှိရန်လိုအပ်ပါကြောင်း၊ လက်ရှိ လွှတ်တော်များ၏ ဆောင်ရွက်ချက်အပေါ် ပြည်တွင်းသာမက နိုင်ငံတကာကပင် အသိအမှတ်ပြုလက်ခံလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လွှတ်တော်များသည် ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ခု၊ အစိုးရအဖွဲ့အတွက် မကြည့်ဘဲ ပြည်သူများ၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုလွှတ်တော်က ဥပဒေပေါင်း (၁၂၆)ခုပြဋ္ဌာန်းနိုင်ခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များတွင်လည်း ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ အဆိုပါ ဥပဒေများကို သက်ဆိုင်သည့် ပြည်သူများ သိရှိလိုက်နာကျင့်သုံးနိုင်ရေး၊ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုနည်းတူ ပြဋ္ဌာန်းပြီး ဥပဒေများ အသက်ဝင်လာစေရန် လိုအပ်သည့် နည်းဥပဒေများ ပေါ်ထွက်လာရေးအတွက် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

လွှတ်တော်များသည် တောင်သူလယ်သမား၊ အလုပ်သမားနှင့် နိုင်ငံ့ဝန်ထမ်းများအား ခေတ်ကာလနှင့် လျော်ညီပြီး မိမိတို့ဂုဏ်သိက္ခာနှင့် ရပ်တည် နေထိုင်နိုင်ရန် လုပ်ခလစာနှင့် အခွင့်အရေးများ တိုးတက်ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီးတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် နံနက်ပိုင်းတွင် ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက်ရှိ ပန်းစုံကျောင်းတိုက်၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တအာသာဘအမှူးပြုသော ဆရာတော် သံဃာတော်များအား သွားရောက်၊ ဖူးမြော်ကြည်ညိုပြီး ဒေသဖွံ့ဖြိုးရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ လှူဖွယ်ပစ္စည်းများလှူဒါန်းခဲ့သည်။

အလားတူ သာစည်မြို့ရှိ ရေလည်ကျောင်းတိုက်၌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမဓုကိတ္တိအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား သွားရောက် ဖူးမြော်ကြည်ညိုပြီး ဒေသဖွံ့ဖြိုးရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့သည်။

ထို့အတူ ညနေပိုင်းတွင် ရမည်းသင်းမြို့ ရန်အောင်မြင်ကျောင်းတိုက်၌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဂန္ဓသာရအမှူးပြုသောဆရာတော်၊ သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဒေသဖွံ့ဖြိုးရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**

## နွေရာသီအင်္ဂလိပ်စာသင်တန်းများအတွက် စာရင်းပေးနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ဗြိတိသျှကောင်စီ(ရန်ကုန်) ၌ အသက်ခုနစ်နှစ်မှ ၁၅ နှစ်ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာ သင်တန်းများကို ၂၀၁၅ ခုနှစ် မတ် ၂၄ ရက်မှ ဧပြီ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်သော ကလေးတိုင်း ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် တစ်နှစ် အခမဲ့အသင်းဝင်ခွင့်လည်း ရရှိမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော ရက်များတွင် ဆောလျင်စွာလာရောက်စာရင်းပေးသွင်းပါမှ နေရာ ရရှိရန် သေချာမည်ဖြစ်ကြောင်းနှင့် စာရင်းပေးရန် သင်တန်းကြေး၊ မွေးစာရင်း (သို့) မှတ်ပုံတင်(သို့) သန်းခေါင်စာရင်းနှင့် ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် အသင်းဝင်ရန်ဓာတ်ပုံ နှစ်ပုံတို့ ယူဆောင်လာရန်လိုကြောင်း သိရသည်။

ယခုသင်တန်းမှာ စုစုပေါင်း သင်ကြားချိန် နာရီ ၃၀ ရှိမည်ဖြစ်ပြီး Placement testဖြေရန်မလို၊ စာအုပ်ဝယ်ရန်မလို၊ အတန်းများ အားလုံးကို အရည်အသွေးပြည့်ဝသည့် အတွေ့အကြုံရှိ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရဆရာ ဆရာမများက သင်ကြားပေးမည်ဖြစ်သည်။

အသေးစိတ်ကို British Council Customer Service & Sales Department ဖုန်း ၂၅၆၂၉၀၊ ၂၅၆၂၉၁ (လိုင်းခွဲ- ၃၁၀၆၊ ၃၃၁၇) သို့ တနင်္လာနေ့မှ စနေနေ့ နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအတွင်း ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။ **ခင်ချိုဝင်း**

## လူထုဘက်စုံသုံးအဆောက်အအုံဖွင့်

**ညောင်ဦး နိုဝင်ဘာ ၂၂**

ကိုရီးယားနိုင်ငံ CCK လူမှုဖွံ့ဖြိုးရေးအသင်းတို့၏ ပံ့ပိုးမှုဖြင့် ဟွန်ဒိုင်း(စတီး) ကုမ္ပဏီမှ လှူဒါန်း၍ ကျေးလက်ပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ပလန်မြန်မာနှင့် ချမ်းမြေ့မေတ္တာအသင်းတို့မှ တည်ဆောက်ပြီးစီးခဲ့သော လူထုဘက်စုံအဆောက်အအုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၂၁ ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဘီလေးရွာမ လူထုဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ထူးမောင်၊ ကိုရီးယားနိုင်ငံ ဟွန်ဒိုင်းစတီးမှ Mr. Sang Gyu Kim နှင့် တာဝန်ရှိသူများက လူထုဘက်စုံသုံးအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လူထုဘက်စုံသုံး အဆောက်အအုံသည် ရွာသူရွာသားများ၏ အရည်အသွေးများတိုးတက်လာရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန် သင်တန်းများကို ပို့ချပေးနိုင်ရန်အတွက် သင်တန်းခန်းမအဖြစ်လည်းကောင်း၊ စာကြည့်တိုက်အဖြစ်လည်းကောင်း၊ လူထုဆွေးနွေးပွဲခန်းမအဖြစ်လည်းကောင်း အသုံးပြုနိုင်၍ ဂါလန် ၅၀၀၀ဆံ့ ရေလှောင်ကန်၊ ယင်လုံအိမ်သာများ ဆောက်လုပ် လှူဒါန်းပေးထားကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**



## ပေါက်မြို့နယ် ပုသိမ်-မုံရွာလမ်းပေါ်ရှိ အမှတ်(၂) ပေါက်တံတား (ရေပြာ)ဖွင့်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီးမံကိန်းကြီးအဖွဲ့ (၃)က တာဝန်ယူတည်ဆောက်ပေးခဲ့သည့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ပုသိမ်-မုံရွာလမ်းပေါ်ရှိ အမှတ်(၂) ပေါက်တံတား (ရေပြာ) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်နံနက် ၉ နာရီ ၁၂မိနစ်တွင် ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။




ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် အမှတ်(၂) ပေါက်တံတား (ရေပြာ) သည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ် ပုသိမ်-မုံရွာလမ်းပေါ်ရှိ မိုင်တိုင် ၃၈၀/၂ နှင့် ၃၈၁/၁ ကြားတွင် တည်ရှိပြီး အမှတ်(၂) ပေါက်တံတား (ရေပြာ) တံတားသစ်ကို မူလတံတားဟောင်း၏ Alignment အတိုင်း တံတားဟောင်းနှင့်တံတားအသစ်ကို ဆက်စပ်တည်ဆောက်ထားသော တံတားတစ်စင်းဖြစ်ကြောင်း၊ တံတားအဟောင်း၏ အရှည်သည် ပေ ၁၄၉၀ ရှိပြီး ထပ်မံ အသစ်တည်ဆောက်သည့် တံတား၏ အရှည်သည် ပေ ၁၆၅၀ ဖြစ်သည့်အတွက် စုစုပေါင်း တံတားတစ်စင်းလုံး အရှည်သည် ပေ ၃၁၄၀ ဖြစ်ပါကြောင်း၊ ၂၇-၁၁-၂၀၁၃ ရက်တွင် ပန္နက်တော်တင်ပြီး Bored Pile တူးခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခဲ့ရာ ၃၀-၁၀-၂၀၁၄ ရက်နေ့တွင် ပြီးစီးခဲ့ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လက်ထက်တွင်အမှတ်(၂) ပေါက်တံတား (ရေပြာ) အပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီး ၇၉ စင်းကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်း၌ ၁၄ စင်းမြောက် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပေါက်မြို့မှ ပုသိမ်-မုံရွာလမ်းပေါ်သို့ ဆက်သွယ်သော လမ်းပေါ်၌ အမှတ်(၁) ပေါက်တံတား (အုန်းတော)သည် အရှည် ပေ ၃၁၈၀ ရှိပြီး အမှတ် (၂) ပေါက်တံတား (ရေပြာ) ကဲ့သို့ပင် ယောချောင်းရေစီးကြမ်းမှုကြောင့် မကြာခဏ ရေမျောပျက်စီးမှုဖြစ်ခဲ့သည့်အတွက် အလားတူအခက်အခဲမျိုး ကြုံတွေ့နေရကြောင်း၊ ဒေသခံပြည်သူများ၏ ကြုံတွေ့နေရသော အခက်အခဲများမှ လွတ်မြောက်ရန် အမှတ် (၁) ပေါက်တံတား (အုန်းတော) ကိုလည်း လာမည့်မိုးမကျမီ အပြီးတည်ဆောက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

အမှတ်(၂) ပေါက်တံတား (ရေပြာ)ကို အောင်မြင်စွာ တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မကွေးတိုင်းဒေသကြီးမှ ချင်းပြည်နယ်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ပခုက္ကူ-ပေါက်-ကျောက်ထု- မင်းတပ်- မတူပီ- ပလက်ဝလမ်း- ပခုက္ကူ -ပေါက်-ထီးလင်း- ဂန့်ဂေါလမ်း၊ ပခုက္ကူ-ပေါက်- မင်းတပ်- မတူပီ- ဟားခါး-ဖလမ်း-တီးတိန်-တွန်းဇံ-ကျီခါး လမ်းများသို့ လွယ်ကူစွာ သွားလာနိုင်ပြီး မကွေးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ ဆောမြို့နယ်၊ ယောမြို့နယ်၊ ကျောက်ထုမြို့နယ်များသို့လည်း ဆက်သွယ်သွားလာနိုင်သည့်အပြင် ပုသိမ်-မုံရွာလမ်းပေါ်၌ တည်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများသို့ အလွယ်တကူဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အမှတ် (၂) ပေါက်တံတား (ရေပြာ)ကို အောက်ထည် Bore Pile အုတ်မြစ်၊ အပေါ်ထည်သံကူကွန်ကရစ် ရက်မကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်းယာဉ်သွားလမ်းအကျယ် တံတားဟောင်းတွင် ပေ၂၀၊ တံတားသစ်တွင် ၂၄ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၈၀၊ အမြင့် HFI မှာ ၂ ပေ၊ ၁၀ လက်မရှိပြီး တံတားကြီး၏ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း ၃၆ တန်ဖြစ်သည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# သံလမ်းတံတား ကမ်းကပ်ခံရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်



**ကလေး နိုဝင်ဘာ ၂၂**

ကလေး-ဂန့်ဂေါ ရထားလမ်းသည် ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် နိုင်ငံတော်အကြီးအကဲများ ကိုယ်တိုင်က ဖွင့်လှစ်ပေးခဲ့ပြီး ရထားလမ်းအရှည် ၈၂ မိုင်၊ ရထားဘူတာပေါင်း ၂၀ကျော်မှ ကလေးမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်ရှိ ပြည်သူများအတွက် ခရီးသွားရာနှင့် ကုန်စည်ပို့ဆောင်ရာတွင် များစွာအထောက်အကူပြုလျက်ရှိသည်။

အဆိုပါကလေး-ဂန့်ဂေါ ရထားလမ်းပိုင်းမှ ကလေးမြို့နယ် ဆည်တောကျေးရွာအနီး မြောင်းချောင်းကိုဖြတ်ကူးသည့်ရထား သံလမ်းတံတား ကမ်းကပ်ခံအား ချောင်းရေတိုက်စားမှုကြောင့် အလျား ပေ ၉၀ ကျော်ပြိုကျပျက်စီးသွားကာ ကလေး-ဂန့်ဂေါ ရထားပြေးဆွဲရာတွင် အလွန်အန္တရာယ်ကြီးမားလှကြောင်း သိရသည်။

သို့ဖြစ်၍အဆိုပါ ရထားသံလမ်းတံတားကမ်းကပ်ခံအား ချောင်းရေတိုက်စားမှုမှ ကာကွယ်ရန် မြန်မာ့မီးရထားဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၄၃ သိန်းကျော်အကုန်အကျခံ ကာမိုးမြင့် အာကာကုမ္ပဏီမှ အရှည် ပေ ၆၇၀ ရှိ ကျောက်စီရေကာတန်း ၁၁ တန်းရိုက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၂ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန ပခုက္ကူမြို့မှ ဦးသူရဇော်က ကြီးကြပ်လျက်ရှိသည်။

အဆိုပါ ရထားသံလမ်းတံတား ကမ်းကပ်ခံကျောက်စီရေကာတန်း ဆောက်လုပ်မှုလုပ်ငန်းအား အမြန်ဆုံးပြီးစီးနိုင်ရန်နှင့် ရထားသံလမ်းများ ကြံ့ခိုင်မှုရှိစေရန် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက လိုအပ်သလို ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဂျူနိုင်း**

## ဝိုင်ယာရှော့ခ်ဖြစ်ပြီး ကားဂိုဒေါင်မီးလောင်

**ကာလိ နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကာလိမြို့ ရပ်ကွက်(၄) နေ ဒေါ်နန်းနေ၏ နေအိမ်တွင် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ဝိုင်ယာရှော့ခ်ဖြစ်ပြီး ကားဂိုဒေါင်မီးလောင်၍ မတ်တူးအမျိုးအစား မော်တော်ယာဉ်တစ်စီး (လိုင်စင်စိစစ်ဆဲ) မီးလောင်ခဲ့သဖြင့် ငွေကျပ်သိန်း ၂၀ ခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ခဲ့မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးပြီး အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၈၉)**

# ဂျူဗလီပွဲတော်ကျေးဇူးတော် ချီးမွမ်းခြင်းဂုဏ်ပြုညစာ စားပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံသို့ ကက်သလစ်သာသနာတော် စတင် ရောက်ရှိသည့် နှစ် ၅၀၀ ပြည့် ဂျူဗလီပွဲတော်ကျေးဇူးတော် ချီးမွမ်းခြင်းဂုဏ်ပြုညစာ စားပွဲကို ယနေ့ ည ၇နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ ဘားအံဆရာတော် ဂျပ်စတင်းစောမင်းသိုက်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပုပ်ရဟန်းမင်းကြီး၏ အထူးကိုယ်စားလှယ် Oswald Cardinal Gracias က မင်္ဂလာကောင်းချီး သြဘာစကားပြောကြားပြီး တောင်ငူဆရာတော် အိုက်ဇက်ဓနုက ညစာ မသုံးဆောင်မီ ကောင်းချီးသြဘာစကားနှင့် ဆုတောင်းပေးကာ တက်ရောက်လာကြသူများအား ညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

ညစာ စားပွဲသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ၌ သီတင်းသုံးသော ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် ဆရာတော်များ၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန် ခရစ်ယာန်ကလျာဏယုဝအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**သထုံ နိုဝင်ဘာ ၂၂**

သထုံခရိုင် မူခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်အောင်သူနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများ၊ အမျိုးသမီးသက်သေများနှင့်အတူ သထုံမြို့ သိမ်ကုန်းရပ်ကွက် အောင်ဇေယျကွက်သစ်၊ အောင်ဇေယျလမ်းမပေါ်တွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ရန်ကုန်-မော်လမြိုင်ကားလမ်းမကြီးဘက်မှ အောင်ဇေယျလမ်းမအတိုင်း လျှောက်လာသော သထုံမြို့ သိမ်ကုန်းရပ်ကွက် အောင်ဇေယျကွက်သစ်နေ မစန်းရီနှင့်မခင်သန်းမြတို့ကိုစစ်ဆေးရာ မစန်းရီကိုင်ဆောင်ထားသည့် အုန်းခွံရောင်မိန်းမကိုင် ပိုက်ဆံအိတ်အတွင်းမှ ပလတ်စတစ်အကြည်ဖြင့် ထည့်ပြီးအပေါ်မှ အစိမ်းရောင်မီးတိပ်ဖြင့် ပတ်ထားသော WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈ ပြား၊ ၁၄ ဒသမ ၈ ဂရမ်ခန့်၊ ဒေသပေါက်ဈေး တစ်ပြားလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၇၄၀၀၀၀ ခန့်နှင့် ၎င်းကိုင်ဆောင်သော ဆင်းကတ်ပါ Fadar လက်ကိုင်ဖုန်းတစ်လုံး၊ ဖုန်းအိတ်တစ်လုံးနှင့် ငွေစက္ကူရောရာ ၅၀၀၀ နှင့် မခင်သန်းမြထံမှ ဆင်းကတ်ထည့်ထားသော Noki a စာတန်းပါ လက်ကိုင်ဖုန်းနှင့် ငွေစက္ကူရောရာကျပ် ၁၀၃၅၀ တို့အား တွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် စနစ်တကျသိမ်းဆည်းခဲ့သည်။

ဆက်လက်၍ လက်ဝယ်တွေ့ရှိသူ မစန်းရီအား စစ်ဆေးမေးမြန်းရာ မြဝတီမှ ပြန်လာသည့် မခင်သန်းမြနှင့် လက်ဖက်ရည်ဆိုင်တွင် တွေ့ဆုံပြီး မစန်းရီအားဆေးပြား ၁၄၈ ပြားကို ပေးအပ်ခဲ့ကြောင်း သိရှိရသဖြင့် မခင်သန်းမြအားဆက်လက်စစ်ဆေးရာ မြဝတီတစ်ဖက်ကမ်းမဲဆောက်မြို့နေ အမည်မသိ ရှမ်းအမျိုးသမီးတစ်ဦးထံမှ ဆေးပြား တစ်ပြားလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ဝယ်ယူခဲ့ပြီး မစန်းရီအား လက်ဖက်ရည်ဆိုင်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။ အမှုနှင့်ပတ်သက်၍ သထုံမြို့ အောင်ဇေယျကွက်သစ် သိမ်ကုန်းရပ်ကွက်နေ မစန်းရီနှင့် မခင်သန်းမြတို့အား သထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နန္ဒကျော်စွာ(သထုံ)**

# တပ်ကုန်းမြို့တွင် တောဆင်ရိုင်းများ၏အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ပေးလျက်ရှိ

**တပ်ကုန်း နိုဝင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာအုပ်စု သဲချောင်းကျေးရွာ မြောက်ဘက်နှစ်မိုင် ခန့်အကွာ အထက် ဆင်သေကြိုးဝိုင်း အကွက်အမှတ်(၄၁)နှင့် (၄၂)အတွင်း လှည့်လည်ကျက်စားနေသည့် တောဆင်ရိုင်းများအား အန္တရာယ်ကင်းစွာ မူရင်းဒေသသို့ ပြန်လည်ပို့ဆောင်နိုင်ရေးနှင့် ကျေးလက်နေပြည်သူများ တောဆင်ရိုင်းများ၏ အန္တရာယ်ကင်းရှင်းစေရန် နိုဝင်ဘာ ၂၁ ရက်က သစ်တောဦးစီးဌာန(ရုံးချုပ်)မှ သစ်တောရဲတပ်ဖွဲ့ ဒုရဲမှူး ကိုကိုနိုင်ဦးစီး၍ ရဲဝန်ထမ်း ၁၀ ဦး၊ တပ်ကုန်းမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းနှင့်အဖွဲ့၊ မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဆရာဝန် ဒေါက်တာ ဝမ်ထွန်း၊ ဒေါက်တာ တင်ထွန်းအောင်၊ ဆင်ကျွမ်းကျင်သူဝန်ထမ်းများနှင့် ဆင်ယဉ်သုံးကောင်ဖြင့် အမြန်လမ်း သစ်တောစခန်းမှ တောဆင်ရိုင်းများ ခိုအောင်းနေသော အထက်ဆင်သေကြိုးဝိုင်း အကွက်အမှတ် (၄၁) တောအတွင်းသို့ သွားရောက်၍ တောဆင်ရိုင်းများအား အန္တရာယ်ကင်းစွာ မူရင်းဒေသသို့ ပြန်လည်ပို့ဆောင်နိုင်ရေးနှင့် ကျေးလက်နေပြည်သူများ တောဆင်ရိုင်းများ၏ အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများဆောင်ရွက်ကြကြောင်း သိရသည်။

"တောဆင်ရိုင်းတွေက ပဲခူးရိုးမကျောက လာရောက်ပြီး နှစ်ကလည်း လာရောက်ခဲ့ပါတယ်။ ဒါပေမဲ့ လူသေဆုံးမှု မရှိခဲ့ပါဘူး၊ ခဏတာဖြစ်လို့ အခုလို ရက်ကြာကြာ မနေခဲ့ပါဘူး၊ တော ဆင်ရိုင်းတွေ ရက်ကြာစွာ ကျက်စားနေကြတော့ ဒေသခံပြည်သူတွေ လယ်ယာလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိကြပါဘူး၊ ပြင်ပသို့ ထွက်ခွာဖို့အတွက်လည်း ဆင်အန္တရာယ်ကို ကြောက်ရွံ့နေရလို့ တောင်ယာလုပ်ငန်းများ ပျက်ကွက်နေပါတယ်"ဟု ဒေသခံများက ပြန်လည်ပြောကြားကြောင်း သိရသည်။ **(၄၁၇)**

# ပဲခူးရိုးမတောင်ပေါ် မြို့ချောင်း-မင်းလှ-စိန်ကန့်လန့် လမ်းပိုင်းတွင် ယာဉ်တိမ်းမှောက်မှုဖြစ် လူသုံးဦးသေဆုံး

**ကျောက်တံခါး နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းတွင် ဒုရဲအုပ်ဇင်မင်းထွန်းသည် တာဝန်မှူးတာဝန်ဆောင်ရွက်နေစဉ် ပဲခူးရိုးမတောင်ပေါ်တွင်ဝါးများသယ်ဆောင်လာသည့် ယာဉ်တိမ်းမှောက်ကြောင်း သတင်းအရ စခန်းမှူး ရဲအုပ်အောင်ကျော်ဦးနှင့်အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၀ ရက် ညနေ ၅ နာရီခွဲက ဖဒိုနယ်မြေရဲစခန်း၏ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ပဲခူးရိုးမတောင်ပေါ်ဖြတ်ကျော်လမ်း မြို့ချောင်း- မင်းလှ-စိန်ကန့်လန့်ကားလမ်း မင်းလှဘက်မှမြို့ချောင်းဘက်သို့ ဦးတည်၍ မင်းသက်အောင်(၃၁ နှစ်) ၆ ရပ်ကွက် ဒိုက်ဦးမြို့နေသူ မောင်းနှင်သည့် ယာဉ်အမှတ် ဒ/. . . . တိုယိုတာဒိုင်နာဖြူပြာရောင် ခြောက်ဘီးယာဉ်မှာ ရှေ့ဘရိတ်ပေါက်၍ လမ်း၏ဝဲဘက်ခြမ်းလမ်းဘေးသို့ တိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း မင်းသက်အောင်၊ ယာဉ်နောက်လိုက်ဇေယျာ(၂၇ နှစ်)နှင့် အလုပ်သမားစိုးဝင်း (၃၇ နှစ်) တို့မှာ အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း မင်းသက်အောင်အား အရေးယူပေးပါရန် ဒုရဲအုပ်ဇင်မင်းထွန်းက တရားလိုပြုလုပ်တိုင်တန်း၍ ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**


## မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေး နှစ် (၆၀)ပြည့် အထိမ်းအမှတ် ဖျော်ဖြေပွဲ ကျင်းပမည်

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ပညာရှင် Mr. YAMAMOTO YUNOSUKE (Conductor & Composer) ဦးဆောင်သော အနုပညာရှင်အဖွဲ့တို့ ပူးပေါင်း၍ မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေး နှစ်(၆၀) ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်မည့် ဖျော်ဖြေပွဲကို Classical Music, Folk Songsနှင့်Cinema Musicတို့ဖြင့် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂ ရက် ညနေ ၆း၃၀နာရီ၌ ဖျော်ဖြေတင်ဆက်ပေးမည် ဖြစ်ပါသည်။ ယခုလိုထူးခြားသည့် အထိမ်းအမှတ်ပွဲအား မည်သူမဆို အခမဲ့လာရောက်နားသောတဆင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဂျပန်သံရုံး Tel-01-549644,5,6, Fax-01-549643နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Tel-09-5006552,01-534012, 01-527122 Ex.149 တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ခြံမြေရောင်းမည်

အရှေ့ဘိုကုန်း၊ မြို့ပတ်လမ်း၊ ကလောမြို့ ၀ ဒသမ ၂၉၆ ဧက၊ ပေ ၁၂၀ ပတ်လည်၊ ရေ၊ မီး၊ ဂရန် (ပိုင်ရှင်အမည်ပေါက်)

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၀၀၄၇၇၊ ၀၉-၈၆၃၀၀၆၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လွန်းညစံပြကျေးရွာနေ နန်းပြုံးမို့မို့ခိုင်ထွန်း၏ ဖခင်မှာ ဦးသန်းထွန်း(ခ)ဦးစောသန်းထွန်း (ခ)ဦးစောသန်းထွန်းလေး ၃/ဘအန(နိုင်) ၂၃၂၇၉၁ မှာ တစ်ဦးတည်းဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကပေါ်ထူး ကုမ္ပဏီ၏ ထုတ်ကုန် သွင်းကုန်လိုင်စင် (ထသက) အမှတ် 28617 (၂၁-၈-၂၀၁၂)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၉၅၄၈**

အဆင့်မြင့်ပြင်ဆင်ပြီး တိုက်ခန်း-ပထမထပ် ရောင်းမည်။စမ်းချောင်း။ Ph:၀၉၇၉၉၉၂၇၀၅၂




## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၇)၊ မြေကွက်အမှတ်(၁၀၉၃)၊ မြေအမည်ပေါက် ဒေါ်ဂူရပါး G/RGN-၀၁၂၀၅၇ က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ) ရပ်ကွက်၊ အနောက်မြို့ပတ်လမ်း၊ အမှတ် (၂၁/၃၀)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅ စီကြီ)၊ မြေကွက်အမှတ် (၁၀၇၂) မြေကွက်အား ဦးမြင့်စိန် ၁၂/ဗဟန(နိုင်)၀၅၇၁၉၂ က မြေချပါမစ် လျှောက်ထားလာရာ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ထောင်ဝိရပ်နေ ဒေါ်နန်းငွေတင်နှင့် အများပြည်သူသိရှိစေရန် ကြေညာခြင်း

ဘားအံမြို့၊ အမှတ်(၈)ရပ်ကွက်၊ ထောင်ဝိရပ်၊ ထုံးအိုင်လမ်းနေ ဦးကျော်ဝင်းမင်း ၁၃/တကန(နိုင်)၁၆၄၄၆၄နှင့် ဒေါ်မီးမီးဦး ၉/မကန(နိုင်)၀၉၇၂၀၅ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဘားအံမြို့၊ အမှတ်(၈)ရပ်ကွက်၊ ထောင်ဝိရပ်နေ ဦးမန်းကံညွန့် PAN-၁၅၂၂၃၇ နှင့် ဇနီး ဒေါ်နန်းငွေတင် ၃/ဘအန(နိုင်)၁၅၉၈၈၉ တို့ပိုင်ဆိုင်သော ကွင်းအမှတ် ၁၁၈၄(ထောင်ဝိကွင်း)၊ ဦးပိုင်အမှတ် ၁၃၅/၂၊ ဧရိယာ ၀ ဒသမ ၂၆ ဧကရှိမြေကွက်နှင့် ဦးဘောင်လောက်ချိတ်နှင့် ဇနီးဒေါ်သန်းရီ ၃/ဘအန(နိုင်) ၀၅၀၇၂၂ တို့ပိုင်ဆိုင်သော ဦးပိုင်အမှတ် ၁၃၆/၁၃၇၊ ဧရိယာ ၁ ဒသမ ၇၉ဧကအား ကျွန်ုပ်မိတ်ဆွေတို့အား ၃၀-၆-၂၀၁၁ ရက်နှင့် ၆-၄-၂၀၁၂ ရက် တို့တွင် စာချုပ်ပါ အသိသက်သေများရှေ့မှောက်တွင် ဝန်ခံကတိစာချုပ်ချုပ်ဆိုပြီး အပြီးအပိုင်ရောင်းချထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေများမှာ ဝယ်ယူပြီးသည့် အချိန်မှစ၍ ယနေ့အထိလက်ရှိနေထိုင်လျက်ရှိကြောင်း ၎င်းမြေကွက်နှင့်ပတ်သက်၍ နောက်နောင် နှောင့်ယှက်ဟန့်တား ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခြင်းများ ပြုလုပ်လာပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နန်းငွေတင်နှင့် အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဝင်းမင်းနှင့် ဒေါ်မီးမီးဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဖေမြင့် LL.B** — **တရားလွှတ်တော်ရှေ့နေ** — **စဉ်-၈၄၀၂(၂-၁၀-၂၀၁၂)**

**ဒေါ်နွယ်နွယ်ဝင်း LL.B** — **တရားလွှတ်တော်ရှေ့နေ** — **စဉ်-၈၀၄၁(၆-၃-၂၀၁၂)**

**ဦးသက်နိုင်ဦး LL.B**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၉၇၈၅(၂၆-၃-၂၀၁၄)**

# ရပ်ရွာအခြေပြုသတင်းအချက်အလက်စင်တာ လယ်ဝေး၌ဖွင့်



သတင်း-ဉာဏမိုးမြင့်
ဓာတ်ပုံ- မောင်သဲဦး

**နေပြည်တော် နိုဝင်ဘာ ၂၂**

တယ်လီနောမြန်မာမှ ပထမဆုံး အလင်းအိမ်အမည်ရ ရပ်ရွာအခြေပြု သတင်းအချက်အလက် စင်တာကို နေပြည်တော် လယ်ဝေးမြို့၌ နိုဝင်ဘာ ၂၀ရက် နံနက် ၉နာရီက ဖွင့်လှစ်ပေးခဲ့သည်။

တယ်လီနောမှ မြန်မာ့အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံအတွင်း ကျေးလက်အခြေပြုသတင်းအချက်အလက်စင်တာ ၂၀၀ခန့် ဖွင့်လှစ်သွားရန်သဘောတူထားပြီး ယခု ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"လူထု အဖွဲ့အစည်းတွေကို အကျိုးထိရောက်တဲ့ ကူညီမှုတွေပေးပြီးအဲဒီလူထုအဖွဲ့အစည်းတွေရဲ့ စွမ်းရည်ကိုမြှင့်တင်ပေးဖို့ဖြစ်ပါတယ်။ အလင်းအိမ်တွေကို ဖွင့်လှစ်ပေးတာဟာ တယ်လီနောမြန်မာရဲ့ အရေးကြီးတဲ့ လုပ်ဆောင်ချက်တစ်ခုဖြစ်ပါတယ်။ ဒါ့အပြင်မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူလူထုတွေကို ဒစ်ဂျစ်တယ်နည်းပညာနဲ့ ပိုပြီးရင်းနှီးမှု ရှိလာစေဖို့ မိုဘိုင်းဝန်ဆောင်မှုတွေကို ပိုပြီးရင်းနှီးမှု မြန်မြန်ဆန်ဆန်ရစေမယ့် ခြေလှမ်းတစ်ခုလည်း ဖြစ်ပါတယ်။ စင်တာတွေအနားမှာရှိတဲ့ လူထုအားလုံးက ဒီစင်တာကို အသုံးပြုဖို့ မျှော်လင့်ပါတယ်"ဟု နေပြည်တော် လယ်ဝေးရှိ သတင်းအချက်အလက်စင်တာဖွင့်ပွဲသို့ တက်ရောက်ခဲ့သည့် တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr.Petter Furberg က ပြောသည်။

အလင်းအိမ်များသည် ကျေးလက်ဒေသတွင်နေထိုင်သည့် ပြည်သူလူထုကိုအင်တာနက်နှင့် မိုဘိုင်းဆက်သွယ်အသုံးပြုမှုများကို ပိုမိုရင်းနှီးလာစေရန် ရည်ရွယ်ထားသည်။ ထို့ပြင် တစ်နိုင်ငံလုံးရှိ ကျောင်းနေအရွယ်ကလေးများ ဒစ်ဂျစ်တယ်နည်းပညာများနှင့် ပိုမိုရင်းနှီးကျွမ်းဝင်လာစေရန်လည်း ရည်ရွယ်သည်။ စင်တာများကို ဒေသအလိုက် စွန့်ဦးတီထွင်လုပ်ငန်းရှင်များက ကြီးကြပ်သွားမည်ဖြစ်ပြီး တောင်သူလယ်သမား၊ လူငယ်၊ ကျေးရွာသူ ကျေးရွာသားစသည့် လူထုအားလုံးအတွက် ရည်ရွယ်ဖွင့်လှစ်သွားမည်ဖြစ်သည်။

MIDOမှ အမှုဆောင်ဒါရိုက်တာ ဦးနေဘုန်းလတ်ကလည်း"အလင်းအိမ်တွေက ပြည်သူလူထုအတွက် သတင်းအချက်အလက်နဲ့ ဗဟုသုတတွေကို လွယ်ကူစွာရရှိနိုင်စေမယ့် အရင်းအမြစ်တစ်ခု ဖြစ်ပါတယ်။ ပုံမှန်အားဖြင့် အွန်လိုင်းပေါ်က သတင်းအချက်လက်တွေ ဒါမှမဟုတ် ဆက်သွယ်ဖို့ ချိတ်ဆက်မှုမရရှိခဲ့တဲ့ နေရာတွေမှာရှိတဲ့ ကျေးလက်နေပြည်သူတွေကို ပြင်ပကမ္ဘာနဲ့ဆက်သွယ်မှုရရှိနိုင်စေဖို့ အလင်းအိမ်တစ်ခုချင်းစီတိုင်းက ပံ့ပိုးပေးသွားမယ်"ဟု ပြောကြားသည်။

တယ်လီနောမှ စင်တာများအတွင်း ချိတ်ဆက်ဆောင်ရွက်မှုများနှင့်ပစ္စည်းများ၊ နည်းပညာများကို ပံ့ပိုးပေးမည်ဖြစ်ပြီး MIDOမှ ဒေသခံစွန့်ဦးတီထွင်သူများကို စင်တာများ ဖွင့်လှစ်သွားနိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

တယ်လီနောနှင့် MIDO ပူးပေါင်းပြီးစွန့်ဦးတီထွင်သူ လုပ်ငန်းရှင်များကို သင်တန်းများပေးခြင်း၊ စင်တာများ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အလင်းအိမ်စင်တာများမှတစ်ဆင့် ဆောင်ရွက်ရန်ရှိကြောင်း ဦးနေဘုန်းလတ်က ပြောသည်။

လယ်ဝေးရှိ သတင်းအချက်အလက်စင်တာကို ဦးစီးနေသည့် ကိုသန့်ဇင်ထွန်းက "အလင်းအိမ်တွေဟာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေမှာ အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါ့အပြင် အလင်းအိမ်တွေကတန်ဖိုးရှိတဲ့ အထောက်အကူတွေကို ပေးနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ဥပမာလူငယ်နဲ့ အမျိုးသမီးတွေရဲ့ စွန့်စားတီထွင်လိုတဲ့ စိတ်ကူးတွေကိုအကောင်အထည်ဖော်ဖို့ အများကြီးကူညီပေးနိုင်ပါတယ်" ဟု ပြောပြသည်။

ဆက်သွယ်ရေး ကဏ္ဍသည် လူထုအဖွဲ့အစည်းကို ပြောင်းလဲနိုင်သည့် စွမ်းအားရှိပြီး Corporate Responsibilityမှာလည်း အရေးကြီးခြင်းကြောင့် ယခုကဲ့သို့ Corporate Social Responsibilities (CSR) အစီအစဉ်များ အကောင်အထည်ဖော်ခြင်းသည် လူထုအဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းများ၊ ပြည်သူများအတွက် ဗဟုသုတနှင့် သတင်းအချက်အလက်များကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ဒုတိယမြောက်စင်တာကို ယခုလအတွင်း ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်သည်။

## လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

**မတူပီ နိုဝင်ဘာ ၂၂**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မတူပီမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်က အမှာစကားပြောကြားသည်။ ထို့နောက် ရဲတပ်ဖွဲ့မှူး ဦးငွေဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး ရဲစခန်းမှူးဦးတင့်စိုးက လူကုန်ကူးမှုတားဆီးခြင်းနည်းလမ်းများအကြောင်း ဆွေးနွေးရှင်းလင်းသည်။ ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတလွန်ကျုံးထန်က အမျိုးသမီးများသတိထားသင့်သည့် ကျန်းမာရေးအသိပညာများ ဟောပြောဆွေးနွေးသည်။ အဆိုပါအခမ်းအနားတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အိမ်တွင်းမှုသင်တန်းကျောင်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင် /သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ (၂၂. ၁၁. ၂၀၁၄)ရက်နေ့တွင် ဒဂုံ(မြောက်)၊ ဒဂုံ(တောင်)၊ ဗိုလ်တထောင်၊ သယ်န်းကျွန်း၊ ရန်ကင်း၊ မင်္ဂလာတောင်ညွန့်၊ လမ်းမတော်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ လှိုင်၊ မရမ်းကုန်း၊ အင်းစိန်၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်၊ ဖောင်ကြီး၊ အင်းတိုင်၊ လှိုင်သာယာ၊ ထောက်ကြန့်၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်းလည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

၃။ အဆိုပါ(၂၂. ၁၁. ၂၀၁၄)ရက်နေ့တွင် ၃၃ ကေဗွီ၊ လှိုင်သာယာ-ကွမ်းခြံကုန်းနှင့် လှိုင်သာယာ-ခနောင်တိုဓာတ်အားလိုင်းတို့ရှိ ဟောင်းနွမ်းချွတ်ယွင်းနေသောအပိုင်းများကို ပြုပြင်ခြင်းနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် နံနက် ၈ နာရီမှစတင်၍ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်၍ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းလုပ်ငန်းကြောင့် ကြည့်မြင်တိုင် (အနောက်ဘက်ခြမ်း) ဆိပ်ကြီးခနောင်တို၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း မြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ဒေးဒရဲ၊ ကျိုက်လတ်၊ မြင်းကကုန်း၊ ဖျာပုံ၊ မော်ကျွန်းမြို့နယ်များတွင် ဓာတ်အားပြတ်တောက်မှုများ ရှိမည် ဖြစ်ပါသည်။

၄။ ၂၃. ၁၁. ၂၀၁၄ ရက်နေ့တွင် ရန်ကင်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဒဂုံ(မြောက်)၊ သာကေတ၊ တာမွေ၊ ပုဇွန်တောင်၊ သယ်န်းကျွန်း၊ လှိုင်၊ မရမ်းကုန်း၊ လမ်းမတော်၊ဒဂုံ၊ ကမာရွတ်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ ဖောင်ကြီး၊ အဖျောက်၊ အင်းတိုင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်းလည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၅။ ယင်းသို့ဓာတ်အားပြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ၊ ကြံ့ခိုင်မှုရှိစေရန် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**


### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးဦးစီးဌာန
### သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ သင်ကြားရေးဆေးရုံကြီးတွင် ဆေးရုံခြံစည်းရိုးခတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ထုတ်ယူရမည့်ရက်** - ၂၇-၁၁-၂၀၁၄ရက်
၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၁၂-၂၀၁၄ရက် ညနေ ၄း၀၀နာရီ
၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့၊ ဖုန်း-၀၆၃-၂၅၁၅၄၊ ၀၉-၆၅၆၀၆၁၄**



### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဖွဲ့စည်းထားသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများနှင့် ရာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအတွက် ရာဖွေကယ်ဆယ်ရေးဝတ်စုံများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုသဖြင့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁-၁၂-၂၀၁၄ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြည်နယ်မီးသတ်ဦးစီးဌာန**
**ရှမ်းပြည်နယ်၊ ဖုန်း-၀၈၁-၂၁၂၁၆၇၁**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ကယားပြည်နယ်စာရင်းစစ်ချုပ်ရုံး
### တည်ဆောက်ရေးလုပ်ငန်းများအတွက်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်တွင် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ ကယားပြည်နယ်အတွင်း မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တည်နေရာ** | **လုပ်ငန်း** |
| | **ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်** - | (၄၀×၃၀)ပေအုတ်ညှပ် (၁)ထပ်၊ မြို့နယ်စာရင်းစစ်ရုံး၊ (၅၀×၇၀)ပေအုတ်ညှပ် (၁)ထပ်၊ (၆)ခန်းတွဲဝန်ထမ်းအိမ်ရာ (ရေသန့်၊ လျှပ်စစ်အပါအဝင်) သွပ်ဆူးကြိုး (၁၀)တန်းခြံစည်းရိုးကာရံခြင်း၊ |
| ၃။ | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | -၁၆-၁၂-၂၀၁၄ရက် |
| | **အချိန်** - | ၁၆း၃၀နာရီ |
| ၄။ | **အိတ်ဖွင့်တင်ဒါရွေးချယ်မည့်ရက်** - | ၁၉-၁၂-၂၀၁၄ရက် |
| | **အချိန်** - | နံနက် ၁၀း၀၀နာရီ |

၅။ အိတ်ဖွင့်တင်ဒါနှင့် စပ်လျဉ်းသောလိုအပ်သည့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ကယားပြည်နယ်စာရင်းစစ်ချုပ်ရုံးတွင် ၂၄-၁၁-၂၀၁၄ ရက်မှစ၍ အောက်ပါဖုန်းများနှင့်ဆက်သွယ်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ကယားပြည်နယ်စာရင်းစစ်ချုပ်ရုံး**
**ဖုန်း-၀၈၃-၂၁၀၃၃၊ ၀၈၃-၂၁၀၉၀**



### ရန်ကုန်မြို့အတွင်းရှိ နိုင်ငံခြားကုမ္ပဏီတစ်ခုအတွက် ယာဉ်မောင်းတစ်ဦးအလိုရှိသည်

အခြေခံလစာ -၂၃၀ ယူအက်စ်ဒေါ်လာ
အင်္ဂလိပ်(သို့)မလေးရှား ဘာသာစကားအနည်းအကျဉ်းပြောနိုင်၊ နားလည်နိုင်ရမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၅၀၁၅၈၇၆၊ ၀၉-၄၂၁၀၂၆၀၄၈**





ပြည်တွင်းသတင်းနှင့်ဆောင်းပါး



# မူဆယ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်း နိုဝင်ဘာလ ၂၆ ရက်တွင်ဖွင့်မည်

**မူဆယ် နိုဝင်ဘာ ၂၂**

တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေး ပိုမိုတိုးတက်စေရန် နှစ်နိုင်ငံ ကုန်သွယ်မှုပိုမို တိုးတက်စေရန်နှင့် ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရန် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိစေရန်၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ လုပ်ကိုင်ခွင့် ရရှိစေရန် ထိုက်သင့်သော အကျိုးအမြတ်ဖြစ်ထွန်းစေရန်၊ ကုန်သွယ်မှုပိုမိုအဆင်ပြေ ချောမွေ့စေရန်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ခရီးသည်များ လွယ်ကူစွာတည်းခိုနားနေရန်အတွက် မူဆယ်မြို့ ဟိုမွန်ရပ်ကွက်တွင် သိန်းသန်းချီဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဆောက်လုပ်ခဲ့သည့် မူဆယ်မြို့အဝေးပြေး ယာဉ်ရပ်နားစခန်းကြီး မှာပြီးစီးနေပြီဖြစ်၍ နိုဝင်ဘာ ၂၆ရက် တွင် ဖွင့်ပွဲကျင်းပသွားမည်ဖြစ်သည်။

မူဆယ် အဝေးပြေးယာဉ်ရပ်နားစခန်းမှာ မြေဧက ၁၃ ဒသမ ၆၉ ဧကကျယ်ဝန်းပြီး ၂၀၁၂ ခုနှစ်က စတင်၍ သိန်းသန်းချီဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က တာဝန်ယူ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အဝေးပြေး ယာဉ်ရပ်နားစခန်းတွင် သုံးခန်းတွဲသုံးထပ်လေးလုံး၊ လေးခန်းတွဲ သုံးထပ်လေးလုံး၊ ငါးခန်းတွဲ သုံးထပ် ၂၃ လုံး၊ ခြောက်ခန်းတွဲ သုံးထပ်ခုနစ်လုံး၊ ခုနစ်ခန်းတွဲသုံးထပ် လေးလုံး၊ ငါးခန်းတွဲနှစ်ထပ် ခေတ်မီအာရ်စီ တိုက်ခန်းများဖြစ်ပြီး အခန်းတိုင်းတွင် ရေ၊ မီး၊ သန့်စင်ခန်းများပါဝင်ပြီး အဆောက်အအုံ ၄၄ လုံးရှိကာ အခန်းပေါင်း ၂၀၂ ခန်းရှိ၍ အမြင့် ၃၅ ပေ၊ မျက်နှာစာ ပေ ၂၀ရှိ တိုက်ခန်းများရှိသည်။ တိုက်ခန်းများတွင် သောက်သုံးရေလုံလောက်စွာ ရရှိရေးအတွက် မြို့ရေပေးရေး ရေပိုက်လိုင်းမှ အဝေးပြေး ယာဉ်ရပ်နားစခန်းသို့ H.D.P.E. Ø 99 MM ပိုက်ဖြင့် ၅၄၄၈ ပေဖြင့် သွယ်တန်းထားသည်။ တိုက်ခန်းတိုင်းတွင် သောက်သုံးရေလုံလောက်စွာ ရရှိရေး၊ ရေဆိုးစွန့်ထုတ်မှုနှင့် မိလ္လာစနစ်များကို နောက်ဆုံးပေါ် နည်းစနစ်များဖြင့် တပ်ဆင်ထားသည်။ မူဆယ်အဝေးပြေးယာဉ် ရပ်နားစခန်းကို သိန်းသန်းချီ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ကျပ်သိန်းပေါင်း ၂၂၇၄၉ ဒသမ ၉၈၅ ရင်းနှီးမြှုပ်နှံဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ခုနှစ် နိုဝင်ဘာလမှ စတင်တည်ဆောက်ခဲ့ရာ ၂၀၁၄ခုနှစ် မေလအထိ တစ်နှစ်နှင့် ခြောက်လအတွင်းအပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မူဆယ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ကားဂိတ် ၂၉ ဂိတ်ရှိပြီး မျက်နှာစာ တိုက်ခန်းများကို သိန်း ၇၅၀ ၊အတွင်းခန်းသုံးထပ်ခန်းကို သိန်း ၆၅၀ နှင့် အတွင်းခန်းနှစ်ထပ်ခန်းကို သိန်း ၂၅၀ ဖြင့်ရောင်းချပေးခဲ့သည်။ မူဆယ်အဝေးပြေး ယာဉ်ရပ်နားစခန်းတွင် ဘဏ်လေးခု ပါရှိမည်ဖြစ်ပြီး စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဈေးဆိုင်ခန်းများပါဝင်သည်။ မူဆယ်ယာဉ်ရပ်နားစခန်း တည်ဆောက်ထားသည့်အတွက် ယာဉ်မှူး၊ ယာဉ်နောက်လိုက် နှင့်ခရီးသည်များ မှာ လုံခြုံစိတ်ချစွာ တည်းခိုနိုင်မည်ဖြစ်သည်။

ထို့အပြင် နယ်စပ်ကုန်သွယ်ရေးဖြစ်သော မိမိနိုင်ငံထွက်ကုန်များကို ကြိုက်ဈေးဖြင့် ပြည်ပသို့ အမြန်ဆုံးတင်ပို့သွားနိုင်မည်ဖြစ်သည်။ မူဆယ် အဝေးပြေး ယာဉ်ရပ်နားစခန်းပြီးစီးသွားပြီဖြစ်၍ ယာဉ်မှူး၊ ယာဉ်နောက်လိုက်များနှင့် ခရီးသည်များမှာ ဝမ်းသာလျက်ရှိကြသည်။

**တင်လှိုင် ၊မိတ္ထီလာ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၁၁-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၉၂၅ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၁၁၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၅ |

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၀-၁၀၄၅ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၂-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၆၈၀၀-၁၇၀၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၅၁၀၀-၁၅၃၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၄၀၀၀-၂၇၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၃၀ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၁၀၀-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၂၅-၁၉၂၅ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၀၅၀-၂၁၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၅၀-၆၀၀ |
| ရေတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၃၀၀-၂၄၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၅၀၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။



ကြော်ငြာ


BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles
bmwmyanmar.com
Sheer
Driving Pleasure
The all-new
BMW X4
THE WORLD'S NUMBER ONE
LUXURY CAR BRAND HAS ARRIVED.
THE ALL-NEW BMW X4, NOW IN MYANMAR.
Put your mind at ease with the BMW Service Inclusive (3-years Warranty & Maintenance package) and 1-year Comprehensive Motor Insurance.
To view the cars please visit : #485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Contact : +95 (1) 2306133, +95 (9) 8633 209 or email : info@pac-bmw.com Facebook : www.facebook.com/BMWPAC
PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ဆီးချိုရောဂါရှိသူအမျိုးသမီးများ လေဖြတ်နိုင်ခြေပိုမိုမြင့်မား

ဆီးချိုရောဂါရှိသူ အမျိုးသမီးများသည် ဆီးချိုရောဂါမရှိသူအမျိုးသမီးများ ထက် လေဖြတ်နိုင်ခြေ နှစ်ဆ မြင့်မားသည်ဟု ဩစတြေးလျား ကျွမ်းကျင်ပညာရှင်တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

မကြာသေးမီက လေ့လာချက်များအရ ဆီးချိုရောဂါရှိသူအမျိုးသမီးများသည် ဆီးချိုရောဂါရှိသူ အမျိုးသားများထက် လေဖြတ်နိုင်ခြေ သုံးဆထက်ပို၍ မြင့်တက်ဖွယ်ရှိသည်ဟု ဗီယန်းနားဆေးတက္ကသိုလ်နှင့် ဗီယန်းနား အထွေထွေရောဂါကုဆေးရုံမှ အလက်ဇန်းဒါး ကောဇ်ကီဝီလာက ပြောကြားသည်။

သွေးတွင်းသကြားဓာတ် လည်ပတ်မှု ပုံမှန်မဟုတ်ခြင်းသည် ဆီးချိုရောဂါ ဖြစ်ပွားမှုနှုန်းကိုမြင့်တက်စေသည်ဟု ကောဇ်ကီဝီလာကဆိုသည်။ အထူးသဖြင့် သွေးကြောဆိုင်ရာ လုပ်ဆောင်မှုနှင့် သွေးခဲမှုပုံမှန်မဟုတ်ခြင်းသည် အမျိုးသမီးများ သွေးကြောပိတ်ရောဂါ ခံစားရနိုင်ခြေ အခွင့်အလမ်း ပိုမိုများပြားစေသည်ဟု ၎င်းကဆိုသည်။ သွေးတွင်း သကြားဓာတ် ပမာဏမြင့်မားမှုသည် ဆီးချိုရောဂါဖြစ်ပေါ်စေနိုင်သလို သွေးတိုးရောဂါ၊ ရောင်ရမ်းခြင်းနှင့် စိတ်ကျရောဂါကဲ့သို့ ဘဝနေထိုင်မှုပုံစံများသည်လည်း ဆီးချိုရောဂါနှင့်ဆက်နွှယ်နေသည်ဟု ၎င်းကပြောသည်။ အမျိုးသမီးများသည် ပုံမှန်အားဖြင့် အမျိုးသားများနှင့်မတူဘဲ ကျန်းမာရေးနှင့် ညီညွတ်စွာအဆီနှင့်အနီရောင်အသားများလျှော့စားသော်လည်း လေ့ကျင့်ခန်း တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်သည်ဟု၎င်းက ပြောကြားသည်။

ဘဝနေထိုင်မှုပုံစံ စောစီးစွာပြောင်းလဲခြင်းသည် ကိုယ်ဝန်ဆောင်ချိန်ခံစားရနိုင်သော ဆီးချိုရောဂါအမျိုးအစား အမှတ် (၂) နှင့် နှလုံးသွေးကြောရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ပေးနိုင်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

**မြတ်မွန်ကျော်**

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

" ခွဲခြားနှိမ့်ချ ကင်းစင်ဝေး၊ ကူးစက်သေဆုံးမရှိရေး၊

ART (အေအာတီ)ဖြင့် ကုသပေး"

"Getting to Zero.

"Zero New HIV Infections. Zero Discrimination and Zero AIDS related Deaths"

# ကလေးမြို့ရှိ ရော်ဘာစိုက်ခင်းများအောင်မြင်ကာ နှစ်စဉ်တိုးတက် စိုက်ပျိုးလျက်ရှိ



**ကလေး နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် မြေလွတ်မြေရိုင်းများ ပေါကြွယ်ဝ၍ ရော်ဘာတိုးချဲ့စိုက်ပျိုးရန် ရေမြေရာသီဥတု သင့်လျော်မှုရှိခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်သည့် အခြေအနေကောင်းများ ရှိခြင်းတို့ကြောင့် ရော်ဘာစိုက်ဧကများ နှစ်စဉ်တိုးတက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၃၄၂ ဧကရှိခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၄၉ ဧက တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကလေးခရိုင်အနေဖြင့် ရော်ဘာစိုက်ပျိုးထားရှိမှုတွင် ကလေးမြို့နယ်၌ ၁၃၉၁ ဧက၊ ကလေးဝမြို့တွင် ၁၃ ဧက၊ မင်းကင်းမြို့တွင် ၃၄ ဧက စိုက်ပျိုးထားရှိကြောင်း သိရကာ ကလေးမြို့နယ်တွင် အပင်ပေါင်း ၃၀၁၃ ကို အောက်တိုဘာ ၁၄ရက်မှ ၃၁ ရက်အထိ အစေးလှီးခဲ့ရာ ရော်ဘာပြားပေါင်း ၄၀၆ ပြား ပေါင်အားဖြင့် ၆၀၉ ပေါင် ထွက်ရှိခဲ့သည်။

ထွက်ရှိသော ရော်ဘာပြားများကို မန္တလေးမြို့သို့ ပို့ဆောင်ရောင်းချရပြီး မှိုင်းခံပြီးသား တစ်ပေါင်လျှင် ငွေကျပ် ၇၀၀ နှင့် နေလှန်းပြီးသား တစ်ပေါင်လျှင် ၆၃၀ ကျပ် ဈေးရကြောင်း သိရသည်။

ရော်ဘာဈေးနှုန်း အတက်အကျက "အမေရိကန်ဒေါ်လာဈေးအတက်အကျနဲ့ ယှဉ်ပါတယ်။ အခု ဈေးမကောင်းပါဘူး။ ယခင်နှစ်ကလောက် ဈေးမရပါဘူး" ဟု ရော်ဘာစိုက်ပျိုးသူတစ်ဦးက ပြောသည်။ရော်ဘာပင်သည် စတင်စိုက်ပျိုး သည်မှ အနည်းဆုံး ခုနစ်နှစ်နှင့် ရှစ်နှစ်ကြာမှသာ အစေးထုတ်ယူနိုင်ပြီး ရော်ဘာစေးအရည်မှ မှိုင်းခံရော်ဘာအဖြစ် လည်းကောင်း၊ ရော်ဘာစေး အရည်အပျစ်အဖြစ် လည်းကောင်း ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများအထိ ဈေးကွက်ဝင်နေကြောင်း သိရသည်။

**သျှင်နေမင်း**

## မိုးပွင့်အဆင့်(၇)စီမံချက် ကွင်းဆင်းဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၂၂**

မိုးပွင့်အဆင့်(၇) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်း လုပ်ငန်းကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက မန္တလေးမြို့မဟာအောင်မြေမြို့နယ် ချမ်းမြသာစည် မြောက်ရပ်ကွက်ရှိ အမှတ်(၂၈)အခြေခံ ပညာအလယ်တန်းကျောင်း၌ ပြုလုပ်ပေးသည်။

ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးသောင်းဒန်ဦးဆောင်သော ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးကြရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်စန်းစန်းမိုးနှင့်ဆရာ ဆရာမများက လိုအပ်သည်များကို ပါဝင်ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## HIV/AIDS ရောဂါအကြောင်းနှင့် စိတ်ကျန်းမာရေးဆိုင်ရာများ ဟောပြော

**ဖလမ်း နိုဝင်ဘာ ၂၂**

ချင်းပြည်နယ် ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက HIV/AIDS ရောဂါအကြောင်းနှင့် စိတ်ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ကျင်းပရာ ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေနှင့်အဖွဲ့ဝင်များ၊ ဖလမ်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်နှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့ပေါ်ရပ်ကွက်များမှ မိခင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ယင်းနောက် ဖလမ်းမြို့ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမကြီးဒေါ်ဆန်ထောင်းဖမ်က HIV/AIDS ရောဂါအကြောင်းကိုလည်းကောင်း၊ ဒေါက်တာဟွိုင်ခန့်ဌေးက စိတ်ကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခြင်းအပေါ် ဖြေကြားဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

အရိပ်လည်းရ

ဝန်းကျင်လှ

သစ်ပင်စိုက်ပျိုးကြ


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၉၉၉၈၊ Yinde 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်မြင့် ၈/တတက(နိုင်)၁၀၄၀၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၂၅၆၀၈ King Lon-110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၈/မကန(နိုင်) ၁၆၈၆၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၅၉၄၆၆ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာစိန် ၆/ထဝန(နိုင်) ၀၄၂၈၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၂၉၅၃၂ မှ၁၂ယ/၈၆၅၈၁သို့ပြောင်း Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချစ်ဖူးငုံ ၉/ခအဇ(နိုင်)၀၀၂၂၆၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၅၁၀၆၃၊ Kenbo KB 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောသီတာခင် ၉/မရမ(နိုင်)၀၈၆၃၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၈၈၃၉၂ Yamaha FZ 150S M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထွန်း ၉/စကန(နိုင်)၀၈၆၃၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ DOTEHTA WADDY PRINCESS Co., Ltd.၏ သွင်းကုန်လိုင်စင်အမှတ် MQIL1 14-15(5397) 14-10-2014 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၅၂၃၁၄၅၈၊ ၀၉-၄၂၀၇၆၅၆၂၉**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1A-947 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၅၅၈၇၉၊ Hibird ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ချိုဦး ၉/အမရ(နိုင်)၀၈၈၃၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၄၉၉၇ Honda C90 Custom Cmv ယာဉ်လက်ဝယ်ရှိသူ ဦးခင်အောင် ၉/စကန(နိုင်)၀၄၆၂၁၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၅ယ/၁၈၆၆၁၊ YAMAH ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဦး ၁၃/တကန (နိုင်)၁၂၁၇၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၈ဏ/၆၈၃၉၊ Sanda Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၃/တကန(နိုင်)၀၅၉၀၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F-2906 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/2420 Hyundai Porter II Van (4×2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းကေသီလွင် ၁၂/ရကန(နိုင်) ၀၅၀၂၀၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု သရက်ကုန်းရွာနေ မောင်နိုင်လင်းအောင် ၈/စလန(နိုင်) ၀၉၅၄၇၁၊ မောင်ဇော်ဇော်အောင် ၈/စလန(နိုင်) ၀၉၅၄၉၉၊ မအေးအေးမူ ၈/စလန(နိုင်)၁၅၂၃၆၀၊ မခိုင်ခင်လတ် ၈/စလန(နိုင်)၁၄၁၄၁၅ တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်သန်း (ခ) ဦးမောင်မောင် ၈/စလန(နိုင်)၀၃၁၇၁၂ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်သန်း(ခ)ဦးမောင်မောင် ၈/စလန(နိုင်)၀၃၁၇၁၂**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၈၇၇၂၆ Fekon 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူ ၅/ကနန(နိုင်)၀၄၆၅၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# တရားရုံးများ၏ သတင်းမှန်သမျှကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနားလည်စေရန် ဆောင်ရွက်



**လွိုင်ကော် နိုဝင်ဘာ ၂၂**

ကယားပြည်နယ် တရားလွှတ်တော်အတွင်းရှိ တရားရုံးအဆင့်ဆင့်မှရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာ ရက်တိုသင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် ညနေ ၃ နာရီက လွိုင်ကော်ခရိုင် တရားရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်တရားသူကြီးများ၊ မြို့နယ် တရားသူကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား၌ ပြည်နယ်လွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်က အမှာစကားပြောကြားရာတွင် တရားသူကြီးများသာမက တရားရုံးဝန်ထမ်းများပါ ပြည်သူကို အကျိုးပြုသည့် ပြည်သူကယုံကြည်အားကိုးသည့် တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာအောင် ကြိုးပမ်းအားထုတ်ကြရန်၊ အဂတိတရားကင်းစင်စွာဖြင့် အမှုအခင်းများကို အလေးထားဆောင်ရွက်ကြရန် လွတ်လပ်စွာ တရားစီရင်ဆောင်ရွက်မှုကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားရုံးမှ သတင်းမှန်သမျှကို ပြည်သူများအချိန်နှင့်တစ်ပြေးညီ သိရှိနားလည်စေရေး၊ သတင်းမီဒီယာဥပဒေနှင့်အညီ အထူးအလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် သင်တန်းထူးချွန်ဆုရရှိသူများကို ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်က ဆုများချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ကယားပြည်နယ် တရားလွှတ်တော်လက်အောက်ရှိ တရားရုံးအသီးသီးမှ ဌာနခွဲစာရေးနှင့် အကြီးတန်းစာရေး စုစုပေါင်း ၁၃ ဦး တက်ရောက်ကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**

## အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးများနေ့ အထိမ်းအမှတ် ရန်ကုန်၌ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အခွင့်အရေးများနေ့ (၂၅) နှစ်မြောက်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကလေးများ၏ တေးသီချင်းများသီဆိုဖျော်ဖြေမှု၊ တေးသရုပ်ဖော်အစီအစဉ်များ၊ ကလေးများ၏ စကားပိုင်းဆွေးနွေးပွဲများ၊ လူငယ်ပညာပေးပြဇာတ်အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုများ၊ ကလေးငယ်များစုပေါင်းဂိမ်းကစားခြင်းများနှင့် အတူ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းနှင့် ကလေးများကို အစားအသောက်များ ကျွေးမွေးခြင်းများ ပါဝင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်မှာ ကျင်းပခဲ့တာက တော့အခုဆိုရင်လေးနှစ်ရှိခဲ့ပါပြီ။ အခုနှစ်မှာတော့ အရင်နှစ်တွေကထက် ပိုပြီးကလေးတွေပါဝင်လာတာ တွေ့ရပါတယ်။ စုစုပေါင်း ကလေး ၄၀၀ ခန့်ပါဝင်ပါတယ်။ ပံ့ပိုးပေးတဲ့အဖွဲ့အစည်းတွေလည်း ပိုမိုများပြားလာပြီး ထည့်ဝင်လာကြတဲ့အတွက် ပိုပြီးစည်ကားမှုလည်းရှိပါတယ်။ ရန်ကုန်မြို့က ပိုပြီးလာကြတယ်။ ရွှေပြည်သာ၊ လှိုင်သာယာ၊ ဒေါပုံ၊ သာကေတ၊ မင်္ဂလာဒုံစတဲ့ မြို့နယ်တွေက ပိုလာကြတယ်။ နောက်ပြီးကလေးသူငယ်တွေရဲ့အခွင့်အရေးကို ဆောင်ရွက်နေတဲ့ NGO၊ INGO စီမံချက်နေရာတွေက ကလေးတွေ ပါဝင်ကြတယ်။ ကလေးတွေမှာလည်း သူတို့နဲ့သက်ဆိုင်တဲ့ အခွင့်အရေးတွေရှိတယ်ဆိုတာ သိစေချင်ပါတယ်။ ဒါ့အပြင် ကလေးတွေနဲ့သက်ဆိုင်သူတွေကိုလည်း ကလေးတွေရဲ့အခွင့်အရေးတွေအတွက် ပိုမိုပံ့ပိုးပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ သူတို့ကိုကလေးတွေက အနာဂတ်ရဲ့အရင်းအမြစ်တွေဆိုတာ သိရှိစေချင်တယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကလေးတွေရဲ့ ဦးဆောင်မှုကဏ္ဍကိုမြှင့်တင်ပေးပြီး ပါဝင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးနေပါတယ်"ဟု NGO Child RightsWorking Group မှ Focal Person ဖြစ်သူ ဦးစောကျော်စိုးမင်းက ပြောကြားသည်။

ကလေးများအားလုံး လုံခြုံသည့် အကာအကွယ်ရရှိစေရန်နှင့် စွမ်းရည်ပြည့်ဝစွာ ဖွံ့ဖြိုးလာစေရန်၊ ရပ်ရွာလူထုအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစနစ် ဖြစ်ပေါ်လာစေရန်၊ ကလေးသူငယ်အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်မှုနှင့်ပညာရေးဆိုင်ရာ အခွင့်အလမ်းများတိုးတက်လာစေရန်နှင့် ကလေးသူငယ်များကို ခေါင်းဆောင်နိုင်မှု အရည်အသွေးများ မြှင့်တင်ပေးခြင်းဖြင့် ရပ်ရွာ၊ နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် ဦးဆောင်နိုင်သူများဖြစ်ထွန်းလာစေဖို့ရည်ရွယ်ကြောင်း ကလေးသူငယ် ရန်ပုံငွေအဖွဲ့မြန်မာမှ တာဝန်ရှိသူက အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

"အခုပွဲအစီအစဉ်တွေကိုကလေးတွေကပဲ စီစဉ်ထားကြတာပါ။ အခုအချိန်မှာ နိုင်ငံတော်ဘက်ကလည်း အများကြီးခွင့်ပြုတာတွေ ရှိလာတော့ ကလေးတွေအတွက် အခွင့်အရေးတွေအများကြီးကောင်းလာတာ တွေ့ရတယ်။ ဒါပေမယ့် သူတို့လေးတွေရဲ့ စိတ်ခံစားမှုတွေ လိုအပ်ချက်တွေကို ထုတ်ဖော်ပြသနိုင်ဖို့ လိုအပ်မှုရှိနေသေးတယ်လို့ယူဆတယ်။ ရိုးရာယဉ်ကျေးမှုအရ ကလေးတွေက နောက်မှာရှိနေတုန်းပဲ ကျွန်တော်တို့အနေနဲ့ ပညာပေးဖို့ အစီအစဉ်တွေရှိပါတယ်"ဟု Myanmar Education Consontm မှAdvocacy Officer ဦးမြင့်မောင်မောင်က ပြောကြားသည်။

အဆိုပါ အခမ်းအနားကို Save the Children, Education Consontm, Child Right Working Group အစရှိသည့် အဖွဲ့အစည်းများက ပံ့ပိုးကူညီကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **မြတ်စန္ဒီသင်းဇော်**

## ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အနီး လမ်းပေါ်ပိတ်ဆို့နေသော ကားများအတွက် စုပေါင်းညှိနှိုင်းအဖြေရှာဆောင်ရွက်

**မူဆယ် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မိုင်းယု ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သို့အဝင် အေးရှားဝေါလ်ဂိတ်မှစ၍ မော်တောင်းကျေးရွာနားအထိ ကားလမ်းတစ်လျှောက် ကုန်တင်ကားကြီးများစွာ ၁၀၅ မိုင်ဇုန်သို့ရောက်ရန် နေရာလုမောင်းနှင်မှုများကြောင့် ယာဉ်များ ထပ်ကာထပ်ကာ လမ်းပိတ်ဆို့မှုများစွာ ဖြစ်ခဲ့သည်။

ထို့ကြောင့် ခရီးသည်တင် အသွားအပြန်ကားများ ခရီးသွားပြည်သူများစွာ အခက်အခဲမျိုးစုံ တွေ့နေရသည်မှာ ရက်ဆက်နီးပါး ဖြစ်လာသဖြင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီတာဝန်ခံများ၊ အေးဂျင့်များ၊ သတင်းမီဒီယာများတွေ့ဆုံ၍ စုပေါင်းညှိနှိုင်းဆွေးနွေးမှုတစ်ရပ် ကျင်းပသည်။

ရှေးဦးစွာ ကုန်သွယ်ရေးဦးစီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက ကုန်စည်စီးဆင်းမှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုများနှင့် လက်ရှိအခြေအနေများကိုတင်ပြပြီး တက်ရောက်လာသူများမှ အကြံဉာဏ်များပေးရန်နှင့်လက်တွေ့ဆောင်ရွက်နိုင်ကြရန် ဆွေးနွေးသည်။ ထို့နောက်တက်ရောက်လာကြသော မူဆယ်၊ နမ့်ခမ်း ကုန်သည်အသင်းနှင့် အခြားအသင်းအဖွဲ့များမှ ကုန်စည်စီးဆင်းမှုလမ်းကြောင်း သွက်လက်မြန်ဆန်နိုင်ရေး ပြုပြင်သင့်သည်များကို ပွင့်လင်းစွာဆွေးနွေးခြင်း၊ လက်ရှိလမ်းအခြေအနေ ၂၂ ဘီးတွဲ ကားကြီးများအပါအဝင်လမ်းပေါ်မှာ ကားမျိုးစုံများ အခြေအနေ လမ်းရှင်းစနစ်လိုအပ်ချက်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းခြင်းများနှင့် ခရီးလမ်းကြောင်း လျင်မြန်ချောမွေ့ရေး ခရီးသွားပြည်သူများ အနှောင့်အယှက်မဖြစ်စေရေး၊ ကုန်စည်စီးဆင်းမှု အဟန့်အတားမဖြစ်ရေးများကို အသေးစိတ် ဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များအပေါ် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ပြည်နယ်အကောက်ခွန်ဦးစီးမှူးဦးတင်ထွန်းဝင်း၊ ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းတို့က အကြံပြုချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စ၊ တင်ပြရန်ကိစ္စများ၊ ချက်ချင်းဆောင်ရွက်နိုင်သည့်ကိစ္စများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

"ကားကြီးတွေ လမ်းပေါ်မှာရော၊ ကုန်ချကွင်းထဲမှာပါ အသွားအလာတွေ အခက်အခဲဖြစ်အောင် အခုလိုပိတ်ဆို့နေတာတွေကို ပြောရရင်တော့ မုန့်လုံးစက္ကူကပ်သီချင်းလို ဖြစ်နေပါပြီ။ နောက်ဆုံးတော့ လမ်းပေါ်က ခရီးသွား ပြည်သူတွေ လူမှုရေးအခက်အခဲတွေဖြစ်တာအဆိုးဆုံးပဲ။ အဲဒါတွေ အပါအဝင်အားလုံး အခုလိုကိစ္စတွေကို စုပေါင်းညှိနှိုင်းအဖြေရှာလိုက်တော့ အားလုံးအတွက် အဆင်ပြေသွားမယ်လို့ယုံကြည်ပါတယ်။ ဝိုင်းဝန်းဆောင်ရွက်လိုက်ရင်တော့ တစ်ပတ်အတွင်း ပုံမှန်ဖြစ်သွားမယ်လို့ မျှော်လင့်ပါတယ်။ အားလုံးကလည်း လိုအပ်တာတွေ ဆွေးနွေးရုံနဲ့တော့ ဖြစ်မလာပါဘူး။ စုပေါင်းအင်အားနဲ့ ဝိုင်းဝန်းကြမှ လက်တွေ့ဖြစ်မှာပါ"ဟု ညှိနှိုင်းဆွေးနွေးတက်ရောက်လာသူတစ်ဦးက ပြောကြားသည်။

**သိန်းဇော်(ရွှေလီဦး)**


### အမည်ပြောင်း

ဦးစိုင်းထွန်းဦးမြင့်၏သား လားရှိုးမြို့၊ အထက(၆) သတ္တမတန်း(E)တွင်ပညာသင်ကြားနေသော မောင်ကျော်ဆုဟိန်းအား ယနေ့မှစ၍ မောင်ဘုန်းဝေယံမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းဝေယံမြတ်**

### တွေ့ရှိက ဆက်သွယ်ပေးပါရန်

ဒေါ်စောမာ ၁၂/ဗဟန(နိုင်)၀၆၁၉၂၄ အမည်ဖြင့် တင်သွင်းလာသည့် Toyota Crown 2001 Model, chassi-JZS 173158 မော်တော်ယာဉ်၏ Customs Statement of Motor Vehicle Imported in to Yangon စာရွက်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်နှင့် ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။ **ဒေါ်စောမာ**

**ဖုန်း-၀၉-၄၂၁၀၆၇၁၈၀**
**၀၉-၇၃၀၁၅၆၂၄**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိအနောက်ရပ်၊ မြေကွက်အမှတ်(၀င-၁၉)၊ ဧရိယာ ၉ ဒသမ ၇၆၉ဧက၊ ဒေါ်ဝင်းဝင်းတင့်အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်ဝင်းဝင်းတင့် ၁၂/လသန(နိုင်)၀၀၁၅၂၀ (ဘ) ဦးကျော်သိန်းတန်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန် ခွဲစိတ်ခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ နယ်မြေ(၁၈)၊ ဦးပိုင်အမှတ်(၈၀)၊ မြေချိန်ဧရိယာ ၀ ဒသမ ၃၃၉ ဧက၊ ဂရန်အမှတ်တွဲအမှတ် ၅၈၃-၅/၉၈-၉၉(A)အား အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ရှောက်ကူးညာ(ခ)ဒေါ်နိုင်နိုင် ၁၃/လရန(နိုင်)၀၉၉၁၈၉ ၏ မြေငှားဂရန်မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်မိတ္တူမှန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ရှောက်ကူးညာ(ခ)ဒေါ်နိုင်နိုင်**
**၁၃/လရန(နိုင်)၀၆၉၁၈၉**
**ရပ်ကွက်(၁၂)၊ နယ်မြေ(၁၈)၊ အိမ်အမှတ်(၁၈/၉၆)**

### ပျောက်ဆုံး

ကျွန်မဒေါ်အေးချမ်းပိုင်၏ IDNO-763590 LC-NO-ISP 312-13 8353 03/07/12 ၏မူရင်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၀၄၁၄၇**

### မွန်ပြည်နယ်၊ ရေးမြို့၊ အထက(၁) (ဒသမ)အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

မွန်ပြည်နယ်၊ ရေးမြို့၊ အထက ကျောင်းသား ကျောင်းသူများ၏ (ဒသမ) အကြိမ်မြောက် မြတ်ဆရာ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံ ဆရာ ဆရာမများနှင့် ရပ်နီးရပ်ဝေးနေ ကျောင်းသား ကျောင်းသူများ စုံလင်စွာ တက်ရောက်ကြပါရန်နှင့် ပြည်ပရောက် ကျောင်းတော်အဆွေသူငယ်ချင်း အပေါင်းကို ဆက်သွယ်နိုင်မည့် နည်းလမ်းများဖြင့် ကူညီအကြောင်းကြားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**နေ့ရက်** - ၂၈-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉ နာရီ
**နေရာ** - ပညာရတနာခန်းမ၊ အထက(၁) ရေးမြို့၊ မွန်ပြည်နယ်။

ဆက်သွယ်လှူဒါန်းလိုပါက

| | | | |
|---|---|---|---|
| ဦးသက်ဦး | ဖုန်း-၀၉-၇၃၁၇၉၀၆၃ (ရန်ကုန်) | ဦးမျိုးကြွယ် | ဖုန်း-၀၉-၄၀၁၅၉၁၆၅၄ (ရေး) |
| ဦးသောင်းထိုက် | ဖုန်း-၀၉-၅၃၂၂၇၀၂ (မော်လမြိုင်) | ကိုကိုလှထူး | ဖုန်း-၀၉-၄၂၅၃၄၁၄၃၂ (ရေး) |
| ဦးညွန့်ဆွေ | ဖုန်း-၀၉-၂၅၅၇၀၄၀၃၀ (ရေး) | ဦးကျော်မိုးအေး | ဖုန်း-၀၉-၄၂၅၂၆၁၉၆၈ (ရေး) |
| ဦးညီသွေး | ဖုန်း-၀၉-၄၂၅၃၄၇၆၂၉ (ရေး) | ဦးအောင်စိုး | ဖုန်း-၀၉-၄၂၅၃၁၂၈၉၃ (ရေး) |
| ဒေါ်ဆန်းဆန်းသစ် | ဖုန်း-၀၉-၄၂၅၃၄၆၅၄၅ | ကျောင်းအုပ်ကြီး | အထက(၁) (ရေး) |

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၆၀၂၂ SSS Super Carrier, P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကျော် ၇/တငန(နိုင်)၁၀၈၂၄၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊**
**ရန်ကုန်မြို့**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၅**

ဦးဌေးလှိုင်စိုး **နှင့်** ဒေါ်ခင်မြင့်မြင့်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ (၃၅×၃၆)လမ်းကြား၊ (၇၅×၇၆)လမ်းကြားနေ ဒေါ်ခင်မြင့်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၉)၊ ဦးပိုင်အမှတ် (၅၇) မြေကွက်နှင့်ပတ်သက်၍ တရားလိုတရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ပြည့်ဖြိုးဆွေ)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# လျှင်မြန်သွက်လက်လာတော့မည့် မြန်မာ့စာတိုက်လုပ်ငန်း

မေး၊ ရေး–ဥမ္မာသန့်

မြန်မာ့စာတိုက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံနှင့် ပူးပေါင်းပြီး ဂျပန်နည်းပညာ၊ နည်းစနစ်သစ်၊ ဝန်ဆောင်မှုစနစ်သစ်များဖြင့် ပြည်သူများသို့ ဝန်ဆောင်မှုပေးနိုင်ရန် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါစာတိုက်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို မြန်မာ့စာတိုက်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးခမ်းအောင်အား ရန်ကုန်စာတိုက်ကြီး၌ သွားရောက်မေးမြန်းခဲ့သည်။

**မေး။ ။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံရဲ့ စာတိုက်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအခြေအနေကို ပြောပြပေးပါ။**

ဖြေ။ ။ အဓိကဂျပန်နိုင်ငံက မြန်မာနိုင်ငံကို နည်းပညာနဲ့ နည်းစနစ်အကူအညီပေးခြင်းသာဖြစ်ပါတယ်။ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနကလည်း ဂျပန်စာတိုက်လုပ်ငန်းက နည်းပညာနဲ့ နည်းစနစ်သာ အကူအညီတောင်းခံခြင်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ အနည်းဆုံး စာရောက်ရှိမှုအခြေအနေက ၈၇ ဒသမ ၅ ရာခိုင်နှုန်း၊ အနည်းဆုံး ၉၂ ရာခိုင်နှုန်းကနေ ၉၅ ရာခိုင်နှုန်းအထိ ရည်မှန်းထားပါတယ်။ တစ်ချိန်ကျရင် စာရောက်ရှိမှု ၁၀၀ ရာခိုင်နှုန်းအထိရောက်အောင် ဂျပန်စာတိုက်လုပ်ငန်းနဲ့ မြန်မာစာတိုက်လုပ်ငန်းနည်းပညာ၊ နည်းစနစ်ကူညီပူးပေါင်းဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်။

**မေး။ ။ ဂျပန်နိုင်ငံက လုပ်ဆောင်တဲ့အခါ စာတိုက်လုပ်ငန်းထဲမှာ ဘာတွေများ ပါဝင်မှာလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံက အခု MOU လက်မှတ်ထိုးတာအရ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြို့ကြီးသုံးမြို့ကို Pioneer Product အနေနဲ့ စလုပ်ပါမယ်။ မြို့ကြီးသုံးမြို့ကို စာတွေ၊ ချောတွေက ဘယ်လိုသွားနေသလဲ၊ မော်တော်ကားနဲ့ သွားနေလား၊ လေယာဉ်နဲ့ သွားနေလား၊ သူတို့က ဒါကို ဆာဗေးလုပ်ပါတယ်။ လက်ရှိအနေအထားအရ စာတိုက်နှစ်ခုကြားမှာ ပူးပေါင်းဆောင်ရွက်ညှိနှိုင်းပြီး ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေပါတယ်။ မြန်မာ့စာတိုက်လုပ်ငန်းကလည်း ကိုယ့်ခြေကိုယ့်လက်နဲ့ လုပ်လို့ရအောင်ဆိုပြီး ပြီးခဲ့တဲ့ နိုဝင်ဘာ ၁ ရက်နေ့ကစပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် ကန့်သတ်နယ်မြေတွေကို ဒီနေ့ပို့ မနက်ဖြန်အရောက် အပြင်ဝေစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ နေပြည်တော်ဆိုရင် ရုံးဌာနဆိုင်ရာ အားလုံးကို ရန်ကုန်ပို့ပို့၊ မန္တလေး ပို့ပို့၊ ဒီနေ့ပို့ မနက်ဖြန်ဝေစနစ်ကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။

အခုအချိန်အထိ ၁၀၀ ရာခိုင်နှုန်းသတ်မှတ်တဲ့ ရာခိုင်နှုန်းပြည့်မီနေတဲ့အကြောင်းကို စစ်တမ်းအရ သိရှိရပါတယ်။ နေပြည်တော်ကနေ ရန်ကုန်-မန္တလေးပို့မယ်ဆိုရင် သတ်မှတ်ထားတဲ့နယ်မြေတွေ ရှိပါတယ်။ သတ်မှတ်နယ်မြေကိုပို့မယ့်စာတွေ ဒီနေ့ပို့၊ မနက်ဖြန်ဝေစနစ်နဲ့ နိုဝင်ဘာ ၁ ရက်နေ့ကစပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မြန်မာ့စာတိုက်လုပ်ငန်းအနေနဲ့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေနဲ့ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်၊ ကိုယ့်ခြေကိုယ့်လက်နဲ့ စတင်လုပ်ဆောင်နေပါတယ်။

**မေး။ ။ ဂျပန်နိုင်ငံအနေနဲ့နည်းပညာအကူအညီပေးသွားမှာလား။ တခြားသဘောတူညီချက်တွေရော ထားရှိထားပါသလား။**

ဖြေ ။ ။ ဝန်ကြီးဌာနအနေနဲ့လည်း နည်းပညာနဲ့ နည်းစနစ်ပဲ အကူအညီတောင်းခံထားတာ ဖြစ်ပါတယ်။ ပစ္စည်းကိစ္စတွေ၊ ငွေကြေးကိစ္စတွေ တောင်းခံထားခြင်းမရှိပါဘူး။ သူတို့အနေနဲ့ လုပ်ပုံလုပ်နည်း နည်းစနစ် ဂျပန်စာတိုက်က အောင်မြင်နေတယ်။ ဘယ်လိုနည်းစနစ်တွေရှိလဲ။ ဒါတွေကို အရာထမ်း၊ အမှုထမ်းတွေကော သူတို့နည်းပညာနည်းစနစ်တွေကို သူတို့လုပ်ပုံတွေကို ဆွေးနွေးပြီးဖလှယ်နေတာ ဖြစ်ပါတယ်။

**မေး။ ။ အခုနည်းစနစ်သစ်တွေအရ ဘယ်တော့လောက်စပြီး အကောင်အထည်ဖော်မလဲ။**

ဖြေ။ ။ ရန်ကုန်-မန္တလေး-နေပြည်တော်မှာ မြန်မာ့စာတိုက်လုပ်ငန်းအနေနဲ့ နိုဝင်ဘာ ၁ ရက်နေ့ကစပြီးတော့ ဒီနေ့ပို့ မနက်ဖြန်ဝေဆိုတာကို ဆောင်ရွက်နေတယ်။ ပြည်သူတွေက နိုဝင်ဘာ ၁ ရက်နေ့ကစပြီး ပြောင်းလဲပြီး ထူးခြားစွာဆောင်ရွက်ပေးတဲ့ ဝန်ဆောင်မှုတွေကို ရရှိနေပါတယ်။

**မေး။ ။ စာတိုက်လုပ်ငန်းကို အဆင့်မြှင့်တင်ပြီးလုပ်ဆောင်နေတာ ပြည်သူတွေအနေနဲ့ အဓိကအကျိုးသက်ရောက်မှု ဘာတွေရှိမလဲ။**

ဖြေ။ ။ လက်ရှိ မြန်မာ့စာတိုက်လုပ်ငန်းအရှုံးပေါ်နေပါတယ်။ အခုဆိုရင် ဒီနေ့ ဒီအချိန်ကစပြီး တစ်မျိုးတစ်မျိုးပြောင်းလဲလာတယ်။ နိုဝင်ဘာ ၁ ရက်နေ့က ပြောင်းလဲလာတဲ့အတွက် ထူးခြားတဲ့ဝန်ဆောင်မှုတွေ ပြည်သူတွေပေးဖို့ Shortterm plan တွေ ဆွဲထားပြီးဖြစ်ပါတယ်။ ဒါလည်း ဒီဘတ်ဂျက်မှာ ဆောင်ရွက်မှာပါ။ Shortterm plan ထဲက ကောက်နုတ်ပြီး ပြောရရင် ဥပမာ-တောင်ကြီးက ပဲပုပ်ကျော်ကိုစားချင်ရင် Hometown Delivery စနစ်လေးဖြစ်ပါတယ်။ ရန်ကုန်က တယ်လီဖုန်းဆက်ပြီးမှာမယ်။ တောင်ကြီးက ပဲပုပ်ကျော်စားချင်ရင် တောင်ကြီးစာတိုက်ကို ချိတ်မှာမယ်။ အမြန်ချောနဲ့ ထည့်မယ်။ အိမ်တိုင်ရာရောက် ပေးဝေပေးမယ်။ ဒေသထွက် အစားအသောက်ပစ္စည်းတွေ မှာယူစားသောက်လို့ရအောင်၊ မှာယူသုံးစွဲလို့ရအောင်၊ ဆောင်ရွက်ပေးမယ့် အစီအစဉ်ဖြစ်ပါတယ်။ New Service တွေနဲ့ စာတိုက်မှ ရှုံးနေတာကို ကာမိအောင် service အသစ်တွေနဲ့ စီစဉ်ထားပါတယ်။

နောက်ဆုံးအနေနဲ့ စာတိုက်လုပ်ငန်းက ဘယ်တော့မှမပျောက်ပါဘူး။ အဓိက အနီးစပ်ဆုံးပြောရရင် လူမှုရေးကဏ္ဍပေါ့၊ ဥပမာ-မွေးနေ့တို့ ဘာတို့ဆိုရင် ထိတွေ့ကိုင်တွယ်လို့ရတဲ့ပစ္စည်းတွေ မူရင်းလက်မှတ်တွေ လက်ရေးတွေ present တွေပို့ဆောင်တာ စာတိုက်လုပ်ငန်းကသာ လုပ်ဆောင်လို့ရပါတယ်။ Internet တို့မှာ တင်လို့မရပါဘူး။ စီးပွားရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာတဲ့ Internet တို့ဖြစ်ထွန်းလာတဲ့ စီးပွားရေးလုပ်ငန်းတွေ အင်္ဂလန်နိုင်ငံနဲ့ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဆက်သွယ်ရေးလုပ်ငန်းတွေပို့ကြရင် စာတိုက်လုပ်ငန်းကနေ ပို့ရမှာပါ။ ထိတွေ့ကိုင်တွယ်လို့ရတဲ့ ပစ္စည်းတွေကို သယ်ယူပို့ဆောင်ပေးနေပါတယ်။ စီးပွားရေးကဏ္ဍစာတိုက်က ပါဝင်နေတယ်။ အုပ်ချုပ်ရေးကဏ္ဍ မြန်မာနိုင်ငံရှိ နယ်စွန်နယ်ဖျား ပူတာအို၊ နောင်မွန်ဒေသတွေကို သက်ဆိုင်ရာဌာနအသီးသီး အမိန့်ညွှန်ကြားချက်ပို့ပါတယ်။ လက်ရှိ မြန်မာနိုင်ငံရဲ့ ဌာနဆိုင်ရာ စာတွေအားလုံးက စာတိုက်လုပ်ငန်းကပဲ သယ်ယူပို့ဆောင်ပေးနေပါတယ်။ အုပ်ချုပ်ရေးကဏ္ဍမှာလည်း စာတိုက်လုပ်ငန်းက အသုံးဝင်နေသေးတယ်ဆိုတာ အသုံးမပြုလို့မရပါဘူး။ ဝန်ကြီးဌာနအသီးသီးက ထုတ်ပြန်တဲ့အမိန့်၊ ညွှန်ကြားချက်တွေက စာတိုက်လုပ်ငန်းက သယ်ယူပို့ဆောင်ပြီး လုပ်ဆောင်ပေးနေပါတယ်။ Internet ပေါ်လာတာပဲဆိုပေမယ့် စာတိုက်လုပ်ငန်းက ထိတွေ့ကိုင်တွယ်လို့ရတဲ့ပစ္စည်းတွေ၊ မူရင်းစာရွက်စာတမ်း အထောက်အထားတွေ ပို့ဆောင်ပေးနေတာဖြစ်တဲ့အတွက် စာတိုက်လုပ်ငန်းမပျောက်ပျက်ပါဘူး။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား စာတိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာနှင့် နည်းစနစ်တို့ ပူးပေါင်းဆောင်ရွက်မှု ရလဒ်ကားလက်တွေ့အကောင်အထည်ဖော်နေကြသည့် ဆက်သွယ်ရေးဝန်ထမ်းများ၏ စိတ်ရင်းစေတနာလုပ်ဆောင်မှုအပေါ် မူတည်ကာ ပြည်သူများအပေါ် ယခင်နှင့် မတူသော ဝန်ဆောင်မှုကောင်းများကို ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ပါကြောင်း ယုံကြည်မျှော်လင့်မိပါသည်။ ။

## ပျို့ရွယ်သူကျန်းမာရေးအသိပညာပေးသင်တန်းသားများ လက်တွေ့ကွင်းဆင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ဖွင့်လှစ်ခဲ့သော ပျို့ရွယ်သူကျန်းမာရေး အသိပညာပေး ဆင့်ပွားသင်တန်းသား၊ သင်တန်းသူ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ၄၂ ဦး၏ လက်တွေ့ကွင်းဆင်း လေ့ကျင့်ဆွေးနွေးမှုကို အရှေ့ပိုင်းခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နွေးနွေးလင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေညိုတို့လိုက်ပါလျက် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက မင်္ဂလာတောင်ညွန့် အထက(၁) ကျောင်းခန်းမဆောင်တွင် ကျင်းပသည်။

အထက(၁)ကျောင်းမှ အထက်တန်းနှင့် အလယ်တန်း ကျောင်းသားကျောင်းသူ ၁၅၀ တို့ကိုတစ်အုပ်စုလျှင် ၁၀ ဦးစီ အုပ်စု ၁၅ စု ခွဲကာ ပျို့ရွယ်သူများနှင့် သက်ဆိုင်သော ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများကို သင်တန်းသားများ ပါဝင်ပြီး အမေးအဖြေ မေးခွန်းပုံစံများ ပြုလုပ်ပြီး မိသားစုပုံသဏ္ဌာန် ဝိုင်းဖွဲ့ဆွေးနွေးကြသည်။ ကျောင်းသား ကျောင်းသူများက မိမိသိလိုသော ကျန်းမာရေးဆိုင်ရာ အကြောင်းအရာ မေးခွန်းများကို တစ်ဦးစီ ပွင့်ပွင့်လင်းလင်းမေးမြန်းကြရာ သင်တန်းဆရာများဖြစ်သော ကျောင်းကျန်းမာရေး ဆရာဝန် ဒေါက်တာ နော်ဖြူဖြူသန်းကြူ၊ ဒေါက်တာဒေါ်သစ်သစ်စိုးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် သင်တန်းဆင်း ဒေါ်လှလှဝင်းတို့က ကျောင်းသား ကျောင်းသူများ သဘောပေါက်နားလည်အောင် ပြန်လည်ရှင်းလင်းခဲ့သည်။

ထို့နောက် ကျောင်းအလှူငွေအဖြစ် ငွေကျပ်ငါးသောင်းကို ခရိုင်မိခင်နှင့်ကလေးဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာမဒေါ်သန်းသန်းအေးက လက်ခံယူသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**




### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သတ္တုဗေဒသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာနအတွက် အောက်ပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်-

| | | |
|---|---|---|
| (က) | Plate Form Scale (Digital) 70 kgm MAX; China | (1) No. |
| (ခ) | Mega Meter (2000-M,Japan, 1000V) | (1) Nos. |
| (ဂ) | Multi Meter (AVO) (Sanwa Japan) CD 800-AA, Digital | (5) Nos. |
| (ဃ) | DC Clamp Meter, SA 7661. Kaise, 400Amp(AVO)Japan | (1) No. |
| (င) | Hammer Drill (750W, 220V, Japan) | (1) No. |
| (စ) | AC Clamp Meter, Sluke 305, 1000 Amp,600V | (1) No. |
| (ဆ) | pH Meter (Portable)pHO-14, Range 0.01 | (1) No. |
| (ဇ) | pH Meter (Inolab pH 720) 4 Alkaine, AA Size, 1.5 Machinery & Equiment | (1) No. |
| (ဈ) | ကျောပိုးလွယ်မြက်ဖြတ်စက် 4 Stoke, 0.5 HP, Honda Thai | (1) No. |
| (ည) | Hot Plate (Portable) P-14(Electri Ceramic Cooker) | (1) No. |
| (ဋ) | Generating Set (220 V, 2.5 KW, 10-15 Amp with Starter) TG 1500. Yamabishi, | (2) Sets. |
| (ဌ) | Generating Set (1000 W, 5 Amp, Manual Type) ST 1000 Yamabishi, | (1) No. |
| (ဍ) | Deionize Water purity Meter | (1) Set. |
| (ဎ) | Digital Balance (4 digit) (fix 3104 n internal), Electornic Balance | (1) No. |
| (ဏ) | Invertors 3000 W,220 V with 150 Ah, Battery, EC5000CXS | (1) Set. |

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)ဖြင့် အောက်တွင်ဖော်ပြထားသည့်နေရာများ၌ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာများကို ၂၈-၁၁-၂၀၁၆ ရက်တွင် နောက်ဆုံးထား၍ ဖော်ပြထားသည့်လိပ်စာများသို့ ရုံးချိန်အတွင်းပေးပို့ရမည်ဖြစ်ပြီး ၃-၁၂-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၂၁) နေပြည်တော်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာများ ဝယ်ယူလျှင် တင်ဒါစပေါ်ငွေ (Earnest Money) ၅၀၀၀၀/-(ကျပ်ငါးသောင်းတိတိ)ကို တစ်ပါတည်းပေးသွင်းရမည်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၁)၊ နေပြည်တော်**
**သတ္တုဗေဒသုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဌာန(အေလာ)**
**ဖုန်း-၀၆၇-၄၀၄၄၄၈၊ ၄၀၄၄၅၅၊ ၆၀၂၆၄၊ ၆၀၃၀၅**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

**ရက်စွဲ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၉ ရက်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါပစ္စည်းများကို ဌာနသတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ရေသန့်ဌာနနှင့်ကျန်းမာရေးဌာနဓာတ်ခွဲခန်းသုံးပစ္စည်းများ | (1) Lot |
| (ခ) | ရေမီတာ(၁၀)မျိုး | (၁၀၀၇၀) လုံး |
| (ဂ) | 100 KVA မီးစက် | (၃) လုံး |
| (ဃ) | 10 Kg/h Electro Chlorinaiton Plant | (၁) စုံ |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၄-၁၂-၂၀၁၆ ရက်(၁၆း၀၀)နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**



### ကျန်းမာရေးဝန်ကြီးဌာန
### တိုင်းရင်းဆေးပညာဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်(Van)များနှင့် မော်တော်ဆိုင်ကယ် (110 cc)များ ဝယ်ယူမည်ဖြစ်ပါ၍ သက်ဆိုင်ရာကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ၊ စည်းကမ်းအသေးစိတ်နှင့် စက်ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၆၇-၄၃၁၀၉၅၊ ၄၃၁၁၄၆ တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်နှင့် စက်ပစ္စည်းအတွက် ဈေးနှုန်းတင်သွင်းလွှာပုံစံများ

**စတင်ရောင်းချမည့်ရက်** - ၂၄-၁၁-၂၀၁၆ ရက် (တနင်္လာနေ့)

၄။ **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၅-၁၂-၂၀၁၆ ရက် (သောကြာနေ့)

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**



### ဖြည့်စွက်ခေါ်ဆိုပါရန်

လားရှိုးမြို့၊ ရပ်ကွက်(၁)နေ ဦးဝမ်ကြည်ဝေ၏သား ဦးဝမ်လီချန်း ၁၃/သပန(ပြု) ၀၀၀၁၉၇ အား ဦးဝမ်လီချန်း(ခ) ဦးလှစိန်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

**ဦးဝမ်လီချန်း (ခ) ဦးလှစိန်**



### မိဘအမည်မှန်

လားရှိုးမြို့၊ အထက(၄)၊ န၀မတန်း(က)မှ မနန်းရှန်ရွှေ ၁၃/ကလတ(နိုင်) ၀၃၈၃၈၇၏ မိဘအမည်မှန်မှာ ဦးအိုက်ညွန့် ၁၃/ကလတ(နိုင်)၀၁၈၇၀၄ နှင့် ဒေါ်နန်းဆွေမြင့် ၁၃/ကလတ(နိုင်)၀၀၂၈၀၈တို့ ဖြစ်ပါကြောင်း။

**ဦးအိုက်ညွန့်-ဒေါ်နန်းဆွေမြင့်**

# အများပြည်သူသုံး ပီစီအို ဖုန်းရုံများ ပိတ်သိမ်းဖွယ်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်မြို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထားရှိဖွင့်လှစ်ထားသည့် အများပြည်သူသုံး တယ်လီဖုန်းရုံများကို သုံးစွဲသူမရှိသလောက်နည်းပါးလာသည့်အတွက် ပိတ်သိမ်းသွားရဖွယ်အနေအထားရှိသည်ဟု ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်မြို့မှာ မိုဘိုင်းဖုန်းသုံးစွဲသူတွေများလာတော့ အများပြည်သူသုံး တယ်လီဖုန်းရုံတွေမှာ အသုံးပြုတာမရှိသလောက်ဖြစ်နေပါပြီ။ ဒီအတွက် အများပြည်သူသုံးတယ်လီဖုန်းရုံတွေကို ရန်ကုန်မြို့မှာ ဆက်လက်ထားရှိဖို့ မဖြစ်နိုင်တော့ပါဘူး။ မကြာမီမှာ ပိတ်သိမ်းသွားရမယ့် အနေအထားရှိပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ရန်ကုန်မြို့တွင် လွန်ခဲ့သည့် ငါးနှစ်ခန့်က အများပြည်သူသုံးတယ်လီဖုန်းရုံများကို ဘတ်စ်ကားဂိတ်များ၊ ဈေးများ၊ ကျောင်းများ၊ ဆေးရုံများနှင့် လူစည်ကားရာနေရာများ၌ ဖွင့်လှစ်ခဲ့သည်။ ယခုအခါ ဆင်းကတ်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြည်ပအော်ပရေတာနှစ်ခုနှင့်အပြိုင် တစ်ခု ငွေကျပ် ၁၅၀၀ ဖြင့် အပြိုင်အဆိုင်ရောင်းချလာပြီးနောက် အများပြည်သူသုံး တယ်လီဖုန်းရုံများသို့ သွားရောက်ဆက်သွယ်ပြောဆိုမှုများ သိသိသာသာလျော့နည်းကျဆင်းလာခဲ့သည်။

ပြည်ပအော်ပရေတာနှစ်ခုဖြစ်သည့် အော်ရီဒူးနှင့် တယ်လီနောတို့က ဆင်းကတ်များအပြိုင် ရောင်းချလာပြီးနောက် ရန်ကုန်မြို့တွင် မိုဘိုင်းဖုန်း သုံးစွဲသူ အရေအတွက် နှစ်သန်းကျော်တိုးတက်လာခဲ့ကြောင်း သိရသည်။ ယခုအခါ နိုင်ငံတစ်ဝန်း မိုဘိုင်းဖုန်းသုံးစွဲသူ အရေအတွက်သည် ၁၅ သန်းကျော်အထိ တိုးတက်လာကြောင်း သိရသည်။

ထိုသို့ မိုဘိုင်းဖုန်းများသုံးစွဲမှု လျင်မြန်စွာ တိုးတက်ခဲ့သည့်အတွက် အများပြည်သူသုံးတယ်လီဖုန်းရုံများကို ရန်ကုန်မြို့တွင် ပိတ်သိမ်းသွားရန် စီစဉ်လျက်ရှိသော်လည်း ဆက်သွယ်ရေးခက်ခဲသည့် နယ်မြို့များတွင် ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း ကြားသိရသည်။

**မောင်နွေသစ်**

# အရက်ကြောင့် ခံစားမှုကြုံတွေ့ရသည့် အမျိုးသမီး ၇၅၀၀ က စာတိုများပေးပို့ကာ အတွေ့အကြုံများမျှဝေ

**ရန်ကုန် နိုဝင်ဘာ ၂၂**




အမျိုးသားများ အရက်သောက်သုံးမှုကြောင့် ဖြစ်ပေါ်လာသည့် အသည်းရောဂါကို ကိုယ်တွေ့ခံစားဖြေရှင်းနေရသည့် အမျိုးသမီးပေါင်း ၇၅၀၀ က အရက်ကြောင့် အသည်းထိခိုက်မှု ကိုယ်တွေ့ဖြတ်သန်းခြင်း အစီအစဉ်တွင် ပါဝင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို လစ်ဗိုလင်ဖို့ဒ်အသည်းအားဆေးမှ အသည်းရောဂါ ပညာပေးအစီအစဉ်အနေဖြင့် ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးရှိ အမျိုးသမီးများအနက် ပတ်ဝန်းကျင် ဖခင်၊ အစ်ကို၊ မောင်၊ ခင်ပွန်း၊ သား. . . စသည့် အမျိုးသားများ၏ အရက်သောက်သုံးမှု ဆိုးကျိုးဖြစ်သော အသည်းရောဂါ ခံစားရမှု ဝေဒနာများနှင့် ဖြတ်သန်းနေရသည့် ရောဂါကုသကာကွယ်ပုံ နည်းလမ်းများကို စာတိုပေးပို့သည့် ပုံစံဖြင့် ပါဝင်ခဲ့ကြခြင်း ဖြစ်သည်။

စက်တင်ဘာ ၂ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ အမျိုးသမီးများထံမှ စာတိုပေးပို့ခြင်းကို လက်ခံခဲ့ကြပြီး အမျိုးသမီးများက မိမိတို့၏ အတွေ့အကြုံများနှင့် ဗဟုသုတ၊ ခံစားမှုများကို ပေးပို့ခဲ့ကြသည်။

လစ်ဗိုလင်ဖို့ဒ် အသည်းအားဆေးမှ အမျိုးသမီးများပေးပို့သော စာတိုတစ်စောင်တိုင်းအတွက် ငွေကျပ် တစ်ထောင်နှုန်းသတ်မှတ်ကာ ရန်ကုန်မြို့ရှိ ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး (အသည်းရောဂါဌာန)၊ ရန်ကုန်နှင့်မန္တလေး စိတ်ရောဂါ အထူးကုဆေးရုံများသို့ ငွေကျပ် ၂၅ သိန်းစီ လှူဒါန်းခဲ့ကြောင်း သိရသည်။

"အရက်ကိုအလွန်အကျွံ သောက်သုံးမှု လျှော့ချရေးက အရက်ကြောင့်ဖြစ်တဲ့ ဝေဒနာတွေကို တိုက်ဖျက်ဖို့ အဓိကနည်းလမ်းတစ်ခုဖြစ်ပါတယ်။ အရက်သောက်သုံးလို့ အသည်းကို ထိခိုက်လာတဲ့အခါ ရောဂါဝေဒနာ (အေအာရ်အယ်ဒီ)ဆိုတဲ့ ရောဂါက မြန်မာနိုင်ငံက အရက်သောက်သုံးတဲ့အမျိုးသားအများစုမှာ တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ သုတေသနစာတမ်းမှာ အမျိုးသား ၃၁ ရာခိုင်နှုန်း(နေ့စဉ် အရက်သောက်သုံးသူ ၁၇ ရာခိုင်နှုန်း)က ပြင်းထန်သောအသည်းရောဂါကိုရရှိနိုင်တဲ့ အရက်သောက်သုံးမှုဖြစ်နေတာ တွေ့ရပါတယ်" ဟု ရန်ကုန်စိတ်ရောဂါကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာဝင်းအောင်မြင့်က ပြောကြားသည်။

အသည်းသည် ခန္ဓာကိုယ်အတွင်း လုပ်ငန်းဆောင်တာများ ဒုတိယအများဆုံးပြုလုပ်သည့် အစိတ်အပိုင်းဖြစ်ပြီး အရက်ကို နှစ်ရှည်လများ သောက်သုံးပါကအသည်းဆဲလ်များ ပြန်လည်တည်ဆောက်နိုင်စွမ်းကျဆင်းစေကြောင်း သိရသည်။

**သတင်း–ခင်ရတနာ၊ဓာတ်ပုံ–မေဦးမိုး**

## သတင်းတို

### ကျွန်းလှမြို့နယ်၌ ကျေးရွာချင်းဆက်တံတားဆောက်လုပ်

ကျွန်းလှမြို့နယ်အတွင်း ကျေးရွာချင်းဆက် ချောင်းကူးတံတားများအား တည်ဆောက်လျက်ရှိရာ ကွဲတဲ-အင်လှကျေးရွာ ကြားဖုံ့မှာချောင်းကိုဖြတ်၍ သစ်သားခင်းတံတားဆောက်လုပ်လျက်ရှိပြီး ကွဲတဲ-အင်လှ-လိပ်ဆင်းတောင် ကျေးရွာများတွင်လည်း တံတားငါးစင်းကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးတာဝန်ခံတစ်ဦးထံမှ သိရသည်။ ချောင်းကူးတံတားများ တည်ဆောက်ခြင်းကြောင့် ကျေးရွာများ ဆက်သွယ်သွားလာရေးအတွက် လွယ်ကူချောမွေ့လာတော့မည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ရေနေသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးဟောပြော

**တိုက်ကြီး နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသည် နိုဝင်ဘာ ၁၉ ရက်က တိုက်ကြီးမြို့နယ် လှိုင်မြစ်ကမ်းနားဘေးရှိ ရွာသာအထက၌ ကျောင်းသားကျောင်းသူများအားတွေ့ဆုံ၍ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများ၊ ရာသီဥတုပြောင်းလဲလာမှုအခြေအနေ၊ သဘာဝပတ်ဝန်းကျင်နှင့် ရေနေသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်း အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

အဖျောက်မြို့ ဒါးပွဲအင်းလုပ်ငန်းရှင် ဦးခင်မောင်ဝင်း မိသားစုက လှူဒါန်းသည့် ရေနေသယံဇာတများ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး အချက်အလက်များ ပါဝင်သည့် ဗလာစာအုပ်ဒါဇင် ၁၀၀ ကို ကျောင်းသား ကျောင်းသူများအတွက် ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ မြောက်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးသန့်ဇင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးတင့်အောင်နှင့် ဝန်ထမ်းများ၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသန်းအေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ထွန်းနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

---

ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့

ကြားသိစေရန် **အကြောင်းကြားစာ**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၄ခုနှစ် တရားမပြင်ဆင်မှုအမှတ်–၂၇၆**

| | | |
|---|---|---|
| ဒေါ်စန်းစန်းထွေး | **နှင့်** | ဒေါ်ခင်မြင့်မြင့်(၎င်း၏တရားဝင်ကိုယ်စားလှယ် ဦးကျင်အုံး) အမှတ် (၁၅/၆၁၂) ဟံသာဝတီလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |

၂၀၁၄ခုနှစ် ဧပြီ ၂၉ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမပြင်ဆင်မှုအမှတ် ၁၂၇/၂၀၁၃ အမိန့်ကိုပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ ဒေါ်ခင်မြင့်မြင့် (၎င်း၏တရားဝင်ကိုယ်စားလှယ်ဦးကျင်အုံး) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင်မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၅ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၁၄ရက်) တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ပြင်ဆင်မှုတွင် သင့်အတွက်ရှက်ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင့်မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ–**
**(ခင်နွဲ့နွဲ့)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်**

**ပျောက်ဆုံးခြင်း** ဦးဝင်းရွှေ ၁/မကန(နိုင်)၀၃၃၅၃၂ အမည်ပေါက် နှစ်ဆန်းဆန်နီ ၃က/၉၅၆၇ ၏ ယာဉ်ဖျက်သိမ်းခွင့်ပါမစ်မူရင်း ပျောက်ဆုံးပါ၍ တွေ့ရှိသူအကြောင်းကြားပါ ကျေးဇူးဆပ်ပါမည်။ ဖုန်း–၀၉–၅၀၀၂၂၉၉

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၃၀၂၊ မြေကွက်တည်နေရာအမှတ် ၁၃၀၂၊ ၄ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဦးတင်ယု AA-၀၅၇၁၉၈) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ယု ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/တမန(နိုင်)၀၂၅၄၀၈ မှ တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၈၃၂၀/၂၀-၁၀-၁၄ ဖြင့် ရရှိသူ ဒေါ်သင်းသင်းမော် ၇/ညလပ(နိုင်)၁၅၆၁၀၉မှ ပါဝါပေးသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**၈-၂-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာ-၁၈၌ ဒေါ်လက်ချ်မီး၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးမောင်မောင်သန်းနှင့် ရှေ့နေအဖွဲ့၏အများသိစေရန် အသိပေးကြေညာခြင်းနှင့်စပ်လျဉ်း၍**

## ပြန်လည်ရှင်းလင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးဘင်းဗဟာဒူး ၁/မကန(နိုင်)၀၇၈၉၉၁၏လွှဲအပ်ညွှန်ကြားချက်အရ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက် ၂၁၊ မြို့သစ်အနောက်ရပ်၊ ဦးပိုင်အမှတ်(၂၉၃/ခ) မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကွယ်လွန်သူဦးပါဒမ်းဗဟာဒူးနှင့် ဇနီးဒေါ်လက်ချ်မီးတို့၏သားသမီး ခြောက်ဦးဖြစ်သော ကျွန်ုပ်မိတ်ဆွေဦးဘင်းဗဟာဒူးအပါအဝင် ညီအစ်ကိုမောင်နှမ ခြောက်ဦးတို့၏ အမွေဆိုင်ပစ္စည်းများဖြစ်ပါသည်။ကြေညာသူဒေါ်လက်ချ်မီး သည်အမွေဆိုင်ဦးတုတ်ဗဟာဒူး၏ဇနီးသာဖြစ်ပြီး ဒေါ်လက်ချ်မီးတစ်ဦးတည်းပိုင်ဆိုင်သည်ဆိုခြင်းမှာ မမှန်ကန်ပါကြောင်း အဆိုပါဥပစာကို အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်အာဂျွန်းမ ၁/မကန(နိုင်)၀၆၉၅၉၀ မှလက်ရှိနေထိုင်အသုံးပြုလျက်ရှိပါကြောင်းနှင့် အထက်ပါမြေ၊ အဆောက်အအုံနှင့်အကျိုးခံစားခွင့်အရပ်ရပ်အတွက် ပိုင်ဆိုင်မှုကို မမှန်မကန်ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်လက်ချ်မီးနှင့်အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးဘင်းဗဟာဒူး** | **ဦးအေးသန်း(ကျောက်ပန်းတောင်း)(စဥ်–၃၀၀၂/၈၅)** |
| **၁/မကန(နိုင်)၀၇၈၉၉၁** | **(တရားလွှတ်တော်ရှေ့နေ)အမှတ် ၁၂၇(က)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်–၁၇၄**

| | | |
|---|---|---|
| ဒေါ်စပယ်လှ | **နှင့်** | ဒေါ်ခင်စန်းဝေ |
| **တရားလို** | | **တရားပြိုင်** |

ဒေါ်ခင်စန်းဝေ၊ မ–၃၀၊ ပညာတန်ဆောင်လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှုစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၄ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြ အဆိုပြုသည့်စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်သန်းဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

**ကျေးဇူးဆပ်ပါမည်** အောင်ကျော်ဆွေ CDC No-၈၃၆၀၀ ၏ Passport (M851633) ပျောက်သွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ ဖုန်း–၀၉–၄၂၀၁၀၆၀၃၀

ပြည်တွင်းသတင်း

# ရွှေအင်းတိန်အာသောကမင်းတည်ထားခဲ့သော ရှေးဟောင်းစေတီများ ပြည်ပခရီးသွားဝင်ရောက်လေ့လာမှုများပြား

**ညောင်ရွှေ နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် အင်းတိန်ကုန်းကျေးရွာတွင်ရှိသော အာသောကမင်း တည်ထားခဲ့သည့် ရွှေအင်းတိန်ဘုရားမှ ရှေးဟောင်း စေတီတော်များကို ယခုနှစ်ခရီးသွားရာသီ၌ ယမန်နှစ်ထက် နိုင်ငံခြားသား ခရီးသွားများ နေ့စဉ် လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

ရှေးဟောင်း စေတီပေါင်း တစ်ထောင်ကျော်တွင် မူလလက်ရာအတိုင်း စေတီ ၅၀၀ ကျော်ရှိနေပြီး ပြန်လည်မွမ်းမံထားသော အုတ်နီရောင်စေတီထက် ရှေးဟောင်းစေတီတော်များကို ပို၍စိတ်ဝင်စားလေ့လာမှုများကာ မြန်မာမှုလက်ရာသစ်ဖြင့်ပြုလုပ်ထားသော စေတီများကိုလည်း ခေတ်သစ်၊ ခေတ်ဟောင်း လက်ရာနှစ်မျိုးအဖြစ် ခံစားလေ့လာလေ့ရှိကြောင်း စေတီများကို အနုစိတ်ပြုပြင်တာဝန်ယူနေသော ကိုလှနိုင်က ပြောကြားသည်။

"ဒီသမိုင်းဝင်စေတီတွေကို နိုင်ငံခြားသားတွေ မနှစ်ကထက် အလာများပါတယ်။ ပြင်သစ်၊အီတလီ၊ ထိုင်း၊ ဂျပန်၊ ကိုရီးယား၊ နယ်သာလန်၊ ကိုရီးယားတို့ အလာများပြီးတော့ စပိန်နဲ့တရုတ်က စေတီအလှူရှင်အဖြစ် ကုသိုလ်ယူတာလည်း ရှိပါတယ်။ ဥရောပနိုင်ငံကလာတဲ့ ဧည့်သည်တွေက စေတီကိုပြုပြင်မွမ်းမံတာထက် မူလလက်ဟောင်းအတိုင်း ပြသထားတာကို ပိုပြီးနှစ်သက်ကြတယ်။ အရင်က ဒေသခံတွေ ရှေးဟောင်းအမွေအနှစ်ရဲ့တန်ဖိုးကိုမသိခဲ့ပေမယ့် အလုပ်အကိုင်၊ အခွင့်အလမ်းတွေအဆင်ပြေလာတာဟာ စေတီပုထိုးတွေကြောင့်ဆိုတာသိလာတဲ့အတွက် ဝိုင်းဝန်းထိန်းသိမ်းလာကြပါပြီ။ ပုဂံဒေသလိုပဲ ဒီမှာလည်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေရှိနေပါတယ်။ ဒီနှစ်မှာ ဂျာမနီက လေ့လာတာများတယ်" ဟု ဆက်လက်ပြောကြားသည်။

အင်းတိန်ကုန်းရွာရှိ ရွှေအင်းတိန်ဘုရားသို့ အင်းလေးဖောင်တော်ဦးမှ စက်လှေဖြင့် လည်းကောင်း၊ ညောင်ရွှေမှ စက်ဘီးဖြင့်လည်းကောင်း၊ မိသားစုဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ နိုင်ငံခြားသား ခရီးသွားများ နေ့စဉ် လာရောက်လေ့လာလျက်ရှိပြီး နံနက်ပိုင်းတွင် တဖွဲဖွဲဝင်ရောက်၍ ညနေ ပိုင်း၌ ပြန်လည်ထွက်ခွာလေ့ရှိရာ ရိုးရာအဝတ်အထည်များနှင့် ရှေးဟောင်းပစ္စည်းများ၊ စျေးဆိုင်များ အရောင်းအဝယ် ပွင့်လန်းလျက်ရှိကြောင်းလည်း သိရသည်။ (၁၆၄)



## တရားလွှတ်တော်တရားသူကြီးချုပ်ရဲဘက်စခန်းနှင့် အချုပ်စခန်းများအားကြည့်ရှု

**ပဲခူး နိုဝင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် နိုဝင်ဘာ ၂၀ ရက် ယနေ့ နံနက်ပိုင်းက ဒိုက်ဦးမြို့နယ် ကျိုက်စကော စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်း(ရဲဘက်စခန်း)နှင့် ပဲခူးမြို့နယ် ဘုရားကြီးနယ်မြေရဲတပ်ဖွဲ့အချုပ်ခန်းများသို့ သွားရောက်စစ်ဆေး ကြည့်ရှုခဲ့ကြောင်း သိရသည်။

တရားသူကြီးချုပ်သည် ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ နေရာထိုင်ခင်း သက်သာချောင်ချိမှုရှိ /မရှိ၊ သန့်ရှင်းမှုရှိ/မရှိ၊ အာဟာရသင့်တင့်မျှတမှုရှိ/မရှိ၊ ဆေးကုသရန်အခွင့်အရေးရှိ/မရှိ၊ နှိပ်စက်ညှဉ်းပန်းမှု မတရားပြုမှုရှိ/မရှိနှင့် ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားနိုင်ရေးအတွက် အကျဉ်းသားများကို စစ်ဆေးမေးမြန်းလျက် အကျဉ်းဦးစီးဌာန ဦးစီးအရာရှိနှင့် ပဲခူးမြို့နယ်ရဲတပ်ဖွဲ့မှူးတို့အား ဖြည့်ဆည်းဆောင်ရွက်ပေးရန်အချက်များကို မှာကြားခဲ့သည်။

တရားလွှတ်တော် တရားသူကြီးချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၇၊ ၆၈ တို့အရ အကျဉ်းစခန်းနှင့် ရဲတပ်ဖွဲ့အချုပ်ခန်းများအား ကိုယ်တိုင်သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ၎င်းနှင့်အတူ ပဲခူးတိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီး၊ ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တရားသူကြီးတို့လည်း လိုက်ပါခဲ့ကြောင်း သိရသည်။

(တရားရေး)

## မြန်မာ-နယ်သာလန်နှစ်နိုင်ငံအကြား ကျင်းပသည့် ပူးတွဲညှိနှိုင်းကော်မတီဒုတိယအကြိမ်အစည်းအဝေး

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံနှင့် နယ်သာလန်နှစ်နိုင်ငံတို့အကြား ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံလုံးတွင်ဖွဲ့စည်းထားသည့် ပူးတွဲညှိနှိုင်းကော်မတီများ၏ ဒုတိယအကြိမ်အစည်းအဝေးကို ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ နိုဝင်ဘာ ၁၇ ရက် ညနေပိုင်း၌ကျင်းပရာ နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံဆိုင်ရာတာဝန်ခံဖြစ်သူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး ဦးဆောင်သော မြန်မာပူးတွဲညှိနှိုင်းကော်မတီဝင်များနှင့် နားလည်မှုစာချွန်လွှာအရ နယ်သာလန်နိုင်ငံဆိုင်ရာတာဝန်ခံ၊ အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန Directorate of Spatial and Water Affairs မှ ညွှန်ကြားရေးမှူးချုပ် Mr. Peter Heij ဦးဆောင်သော နယ်သာလန်ပူးတွဲ ညှိနှိုင်းကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာပူးတွဲညှိနှိုင်းကော်မတီအဖွဲ့ခေါင်းဆောင် ဦးထွန်းလွင်ဦးနှင့် နယ်သာလန်နိုင်ငံ ပူးတွဲညှိနှိုင်းကော်မတီ အဖွဲ့ခေါင်းဆောင် Mr . Peter Heij တို့ အမှာစကားများ ပြောကြားခဲ့ကြသည်။

